# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊ နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၈၉)၊ ၁၃၈၇ ခုနှစ် ၊ တပေါင်းလဆန်း ၁၂ ရက် ၊ ၂၇-၂-၂၀၂၆၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

မျက်စိဖြင့်(အကုသိုလ် မဖြစ်အောင်)စောင့်စည်းခြင်းသည် ကောင်း၏။ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ (ဓမ္မပဒ)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ "Roscosmos" နိုင်ငံပိုင်ကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Dmitry V. Bakanov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြု တွေ့ဆုံစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ "Roscosmos" နိုင်ငံပိုင်ကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ်က လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ "Roscosmos" နိုင်ငံပိုင်ကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Dmitry V. Bakanov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

စာမျက်နှာ ၃ သို့ ❖

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာနိုင်ပါသည်။ ရွာရန်ရာခိုင်နှုန်း ၆၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

၀-၀-၀-၀-၀-၀

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်၊ သောကြာနေ့။

# ကျန်းမာရေးစနစ်တွင် တိုင်းရင်းဆေးပညာ၏ အခန်းကဏ္ဍကို မြှင့်တင်နိုင်ရန် ဆောင်ရွက်လျက်ရှိ

ခေတ်အဆက်ဆက် သမားတော်ကြီးများက မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ကို အစဉ်အလာမပျက် ကျင်းပခဲ့ကြောင်း၊ တိုင်းရင်းဆေးသမားတော်များ၏ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အဖိုးတန်အမွေအနှစ်များကို မျိုးဆက်သစ်တိုင်းရင်းဆေးဆရာများထံ လက်ဆင့်ကမ်းရန်၊ မျိုးဆက်သစ်လူငယ်များအကြား တိုင်းရင်းဆေးပညာကို စိတ်ဝင်စားလာစေပြီး မြန်မာ့တိုင်းရင်းဆေးပညာ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကိုဆက်စပ်ကာ ခေတ်မီဆေးပညာနှင့် ပေါင်းစပ်၍ ပြည်သူ၏ ကျန်းမာရေးစနစ်အတွင်း တိုင်းရင်းဆေးပညာ၏ အခန်းကဏ္ဍကို မြှင့်တင်နိုင်ရန်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် တပေါင်းလပြည့်နေ့တွင် ကျရောက်မည့် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ အထိမ်းအမှတ်အခမ်းအနား၌ ပြောကြားသည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့သည် ပြည်သူလူထု၏ ကျန်းမာရေးကိုတိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်ခဲ့ကြသော တိုင်းရင်းဆေး သမားတော်ကြီးများ၏ ကြိုးစားအားထုတ်မှုများကို အမှတ်တရဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်သည်။

တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက မြန်မာ့တိုင်းရင်းဆေး သမားတော်နေ့ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ပြည်ထောင်စုဝန်ကြီးက သက်ကြီး၊ ဝါကြီး တိုင်းရင်းဆေးသမားတော်ကြီးများအား ဂါရဝပြုလက်ဆောင်နှင့် သိပ္ပံကျော်စွာဘွဲ့ရ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနာယက တိုင်းရင်းဆေးဆရာကြီး ဦးမြင့်လွင်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။

တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက သက်ကြီး၊ ဝါကြီး တိုင်းရင်းဆေးသမားတော်ကြီးများအား ဂါရဝပြုလက်ဆောင် ပေးအပ်ပြီး စွမ်းဆောင်ရည်ဆုနှင့် သင်တန်းထူးချွန်ဆုရရှိသူ တိုင်းရင်းဆေးဆရာများအား ဆုများပေးအပ်ချီးမြှင့်ရာ စွမ်းဆောင်ရည်ဆုရ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် တိုင်းရင်းဆေးကုဌာနမှ ဒုတိယတိုင်းရင်းဆေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။

ရှေးတိုင်းရင်းဆေး သမားတော်ကြီးများ၏ အတွေ့အကြုံ၊ စူးစမ်းလေ့လာမှု၊ အနစ်နာခံဆောင်ရွက်မှုတို့မှ မွေးဖွားလာသော မြန်မာ့တိုင်းရင်းဆေးပညာကို ယနေ့အချိန်တွင် တိုင်းရင်းဆေးသိပ္ပံမှ တိုင်းရင်းဆေးတက္ကသိုလ်အဆင့်အထိ တည်ထောင်နိုင်ခဲ့ခြင်းကြောင့် တိုင်းရင်းဆေးရုံ၊ ဆေးခန်းများဖြင့် ဖွံ့ဖြိုးလာပြီဖြစ်သည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ကျန်းမာရေးစနစ်တွင် တိုင်းရင်းဆေးပညာ၏ အခန်းကဏ္ဍကို မြှင့်တင်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

အနာဂတ်ကာလတွင်လည်း မြန်မာ့တိုင်းရင်းဆေးပညာကို သိပ္ပံနည်းကျ သုတေသနများဖြင့် အထောက်အထားပြုလုပ်ခြင်း၊ ခေတ်မီဆေးပညာနှင့် ပေါင်းစပ်အသုံးချခြင်း၊ လူငယ်မျိုးဆက်များကို စနစ်တကျပညာပေးသင်ကြားခြင်း၊ နိုင်ငံတကာအဆင့်နှင့်အညီ မြှင့်တင်ခြင်းတို့ကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက် ၁၁၀လမ်း၊ ၄၅လမ်းနှင့် ၄၆လမ်းကြားတွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များမှာ ဖေဖော်ဝါရီ ၂၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊၂၇ လမ်း ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ) ရပ်ကွက်၊ ၅၄လမ်းနှင့် ၁၃၃လမ်းထောင့်တို့တွင် ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**



## ချမ်းမြသာစည်မြို့နယ်၌ သမဝါယမအသင်းစု၏ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၌ သမဝါယမအသင်းစု၏ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြောက်ရပ်ကွက်ရှိ မြို့နယ်သမဝါယမအသင်းစုရုံးတွင် ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ချမ်းမြသာစည်မြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးချစ်ခင်က သဘာပတိအဖြစ် ဆောင်ရွက်၍ အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စုဝေဝေထွန်းက လက်ရှိဆောင်ရွက်နေသော သမဝါယမလုပ်ငန်းများအကြောင်း၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် အတွင်းရေးမှူး ဦးသိန်းမြင့်၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူသဲနွယ်တို့မှ မြို့နယ်သမဝါယမအသင်းစုနှင့် စပ်လျဉ်း၍ လုပ်ငန်းဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

ထို့နောက် သဘာပတိက ၂၀၂၄- ၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှု စာရင်းများ၊ မြို့နယ်သမဝါယမအသင်းစု ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၊ အသင်းစာရင်းစစ်အဖွဲ့၏ အစီရင်ခံစာများကို တက်ရောက်လာသော အသင်းဝင်ကိုယ်စားလှယ်များထံမှ သဘောထားများ ရယူပြီး အတည်ပြုသည်။ **(အောက်ပုံ)**

၄င်းနောက် မြို့နယ်သမဝါယမအသင်းစုတွင် အစုထည့်ဝင်ထားသော အခြေခံအသင်း (၇၈)သင်းအား အစုထည့်ဝင်မှုအပေါ် အကျိုးအမြတ်ငွေကျပ်(၁၃၆၆၃၄၉.၁၇)အား ခွဲဝေပေးခဲ့ကြောင်း သိရသည်။ **အလင်းသစ်(ပြန်/ဆက်)**



## မီးခိုးမြူငွေ့ ညစ်ညမ်းမှုအန္တရာယ် အသိပညာပေး Talk Show ပြုလုပ်

**သရက် ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ မီးခိုးမြူငွေ့ ညစ်ညမ်းမှုအန္တရာယ် အသိပညာပေး Talk Show ပြုလုပ်ခြင်းကို ယနေ့ နံနက် ၁၁ နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ ဆောင်ရွက်ခဲ့သည်။




အဆိုပါ Talk Show ပြုလုပ်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးငြိမ်းသူနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ထက်နန္ဒာထွန်းတို့က မီးခိုးမြူငွေ့များအကြောင်း၊ မီးခိုးမြူငွေ့အမျိုးအစား၊ မီးခိုးမြူငွေ့ဖြစ်ပေါ်စေသော အဓိကအကြောင်းအရင်းများနှင့် ဆိုးကျိုးသက်ရောက်မှုများ၊ လူတို့အတွက် အန္တရာယ်ရှိခြင်းအကြောင်းတို့ကို စုံလင်စွာဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

**သတင်းများ Online မှ တစ်ဆင့်ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynews-paper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်းသိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

❖ ရှေ့ဖုံးမှ

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး "Roscosmos" နိုင်ငံပိုင်ကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်း နိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov ၊ "Roscosmos" နိုင်ငံပိုင်ကော်ပိုရေးရှင်း၏ ဒုတိယ အထွေထွေ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား အာကာသနည်းပညာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ "Roscosmos" နိုင်ငံပိုင် ကော်ပိုရေးရှင်းနှင့် မြန်မာအာကာသ အေဂျင်စီတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံ၏ အာကာသဆိုင်ရာနည်းပညာအသုံးပြုမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံနှင့် ပြည်သူလူထု၏အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မည့် ဂြိုဟ်တုလွှတ်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံအတွက် လိုအပ်သည့် အာကာသနည်းပညာဆိုင်ရာ လူသားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဂြိုဟ်တုဆက်သွယ်ရေးနည်းပညာများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ အာကာသပြတိုက် (ရန်ကုန်)ကို အဆင့်မြှင့်တင်နိုင်ခဲ့မှုနှင့် လူငယ်များ အနေဖြင့် စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြည့်ရှုလျက်ရှိမှု၊ နှစ်နိုင်ငံအကြား ငြိမ်းချမ်းသော ရည်ရွယ်ချက်များဖြင့် ပြင်ပအာကာသ စူးစမ်းလေ့လာရေးနှင့် အသုံးပြုမှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မျိုးဆက်သစ် လူငယ်များအား အာကာသနည်းပညာဆိုင်ရာ ဗဟုသုတများပိုမိုရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ အာကာသနည်းပညာနှင့်သက်ဆိုင်သည့် ပညာတော်သင် သင်တန်းသားများ စေလွှတ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

> "မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား အာကာသနည်းပညာပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ "Roscosmos" နိုင်ငံပိုင် ကော်ပိုရေးရှင်းနှင့် မြန်မာအာကာသအေဂျင်စီတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံ၏ အာကာသဆိုင်ရာနည်းပညာအသုံးပြုမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံနှင့် ပြည်သူလူထု၏အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မည့် ဂြိုဟ်တုလွှတ်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံအတွက် လိုအပ်သည့် အာကာသနည်းပညာဆိုင်ရာ လူသားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဂြိုဟ်တုဆက်သွယ်ရေးနည်းပညာများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ အာကာသပြတိုက် (ရန်ကုန်)ကို အဆင့်မြှင့်တင်နိုင်ခဲ့မှုနှင့် လူငယ်များအနေဖြင့် စိတ်ပါဝင်စားစွာ လာရောက်လေ့လာကြည့်ရှုလျက်ရှိမှု၊ နှစ်နိုင်ငံအကြား ငြိမ်းချမ်းသောရည်ရွယ်ချက်များဖြင့် ပြင်ပအာကာသစူးစမ်းလေ့လာရေးနှင့် အသုံးပြုမှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး"

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ "Roscosmos" နိုင်ငံပိုင် ကော်ပိုရေးရှင်း၏ အထွေထွေ ညွှန်ကြားရေးမှူးချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် (၄)ကြိမ်မြောက် အနာဂတ်နည်းပညာများဆိုင်ရာ ဖိုရမ်တက်ရောက်




နေပြည်တော် ဖေဖော်ဝါရီ ၂၆

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံ မော်စကိုမြို့ရှိ World Trade Center ၌ ဖေဖော်ဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တွင် ကျင်းပသည့် (၄) ကြိမ်မြောက် အနာဂတ် နည်းပညာများဆိုင်ရာဖိုရမ်သို့ တက်ရောက်သည်။

ဖိုရမ်တွင် ဇီဝစီးပွားရေးဆိုင်ရာ ထုတ်ကုန်ပစ္စည်းထုတ်လုပ်မှုသုတေသနများ၊ ဇီဝနည်းပညာ အသုံးပြု စွန့်ပစ်ပစ္စည်းများမှ ကုန်ပစ္စည်း အသစ်ထုတ်လုပ်နိုင်မှုများ၊ ဇီဝဂေဟစနစ် သဘောသဘာဝများ၊ ဇီဝနည်းပညာအခြေပြု တွက်ချက်မှုစနစ်များ တီထွင်ဖန်တီးမှု၊ စိုက်ပျိုးရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများတွင် ဇီဝနည်းပညာအသုံးချနိုင်မှုများ၊ ဇီဝနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ဥပဒေ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ရေးဆိုင်ရာကိစ္စရပ်များ၊ အစိမ်းရောင်စွမ်းအင်စနစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများနှင့်စပ်လျဉ်း၍ ပြခန်းများ စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ ဗလာဒီမာပူတင်က အထူးဧည့်သည်တော်အဖြစ်တက်ရောက်၍ မိန့်ခွန်းပြောကြားရာတွင် အနာဂတ် နည်းပညာအခန်းကဏ္ဍ၌ ဇီဝနည်းပညာနှင့် သတင်းအချက်အလက် နည်းပညာ၊ ဉာဏ်ရည်တုနည်းပညာတို့၏ အရေးပါမှုတို့ကို အလေးထား ပြောကြားသည်။

အဆိုပါဖိုရမ်သို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသွင်အောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းတို့ ပါဝင်တက်ရောက်ခဲ့ပြီး ဆက်နွှယ်သည့် နည်းပညာကဏ္ဍအလိုက် စကားဝိုင်းဆွေးနွေးပွဲများသို့ တက်ရောက်ခြင်း၊ ပြခန်းများလှည့်လည်ကြည့်ရှုခြင်း၊ ပညာရှင်များ၊ သုတေသီများနှင့် ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရုရှား-မြန်မာ အာကာသနည်းပညာပူးပေါင်းဆောင်ရွက်မှု ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ရုရှားဖက်ဒရေးရှင်းနိုင်ငံ "Roscosmos" နိုင်ငံပိုင် အာကာသကော်ပိုရေးရှင်းမှ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Dmitry V. Bakanov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၅ ရက်တွင် မြန်မာအာကာသအေဂျင်စီ (MSA)၌ မြန်မာ အာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင် ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံကာ ရုရှား-မြန်မာ အာကာသနည်းပညာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ပြုလုပ်ခဲ့သည်။

ထို့နောက် Mr. Dmitry V. Bakanov နှင့်အဖွဲ့သည် မြန်မာအာကာသအေဂျင်စီ (MSA)မှတာဝန်ရှိသူများ လိုက်ပါ၍ ဒဂုံမြို့နယ် အလုံလမ်းရှိ အာကာသပြတိုက်၌ လေ့ကျင့်ရေးအထက်တန်းကျောင်း (ကမာရွတ်မြို့နယ်) မှ အလယ်တန်း၊ အထက်တန်း ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံ၍ Mr. Dmitry V. Bakanov က အာကာသနည်းပညာအကြောင်းကို ဟောပြောပို့ချခဲ့ပြီး ခရီးစဉ်တွင် လိုက်ပါလာသည့် ဆိုဗီယက်ပြည်ထောင်စု သူရဲကောင်းဘွဲ့နှင့် ရုရှားနိုင်ငံ၏ သူရဲကောင်းဘွဲ့ချီးမြှင့်ခြင်းခံရသူ အာကာသယာဉ်မှူး Mr. KRIKALEV Sergei Konstantinovich က အာကာသသို့ ပျံသန်းခြင်းဆိုင်ရာ အတွေ့အကြုံများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

# အခွန်အယူခံခုံအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
အခွန်အယူခံခုံအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
**( အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၉ / ၂၀၂၆ )**
၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အခွန်အယူခံခုံအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (က)၊ (ဋ)၊ (ဍ) နှင့် (ဎ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) **အခွန်** ဆိုသည်မှာ ပြည်ထောင်စု၏အခွန်အကောက် ဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအတွက်ကောက်ခံသည့် အခွန်အကောက်အားလုံး၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကို ဆိုသည်။

( ဋ ) **အယူခံမှု** ဆိုသည်မှာ အခွန်ကိုတာဝန်ယူကောက်ခံသည့် သို့မဟုတ် အစိုးရအဖွဲ့က အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တာဝန်ပေးအပ်ခြင်းခံရသည့် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့ အစည်းတစ်ခုခုက အခွန်ဆိုင်ရာဥပဒေအရချမှတ်သော အခွန်ဆိုင်ရာအပြီးသတ်အမိန့် သို့မဟုတ် အပြီးသတ်ဆုံးဖြတ်ချက်ကိုသော်လည်းကောင်း၊ အကောက်ခွန်ဆိုင်ရာ ဥပဒေအရချမှတ်သော အပြီးသတ်အမိန့် သို့မဟုတ် အပြီးသတ်ဆုံးဖြတ်ချက်ကို သော်လည်းကောင်း ကျေနပ်မှုမရှိ၍ ခုံအဖွဲ့သို့ အယူခံတင်သွင်းသည့် အမှုကိုဆိုသည်။

( ဍ ) **ပြန်လည်သုံးသပ်မှု** ဆိုသည်မှာ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုတွင် ခုံအဖွဲ့က ချမှတ်သော အမိန့်နှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ပေးရန် ခုံအဖွဲ့၏သတ်မှတ်ချက်နှင့်အညီ တင်သွင်းသည့်အမှုကို ဆိုသည်။

( ဎ ) **လွှဲအပ်မှု** ဆိုသည်မှာ ခုံအဖွဲ့သို့ တင်သွင်းလာသည့်အမှုကို စုံညီခုံအဖွဲ့က ကြားနာစိစစ်ပြီးနောက် ဥပဒေကြောင်းအရဖြေရှင်းရန် အကြောင်းပေါ်ပေါက်သဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးပို့ရမည့်အမှုကို ဆိုသည်။

( ခ ) ပုဒ်မခွဲ (တ) နောက်တွင် ပုဒ်မခွဲ (ထ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ထ) **ဝန်ကြီးဌာန** ဆိုသည်မှာ ခုံအဖွဲ့ရုံး၏ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ကြီးကြပ်ဆောင်ရွက်နိုင်ရန် အစိုးရအဖွဲ့ကတာဝန်ပေးအပ်သည့် ဝန်ကြီးဌာနကို ဆိုသည်။"

၃။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၂) ဥပဒေ၊ အခွန်၊ စာရင်းကိုင်၊ စာရင်းစစ်တို့နှင့်သက်ဆိုင်သည့် နယ်ပယ်အဖွဲ့ဝင်များတွင် ညွှန်ကြားရေးမှူးအဆင့်နှင့်အထက် ရာထူးရှိပြီးအရာထမ်းလုပ်သက် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့သူ သို့မဟုတ် ကျွမ်းကျင်ပညာရှင်အဖြစ် ရွေးချယ်သတ်မှတ်သူ"

၄။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၂။ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အားလုံးပါဝင်သော စုံညီခုံအဖွဲ့သည် လွှဲအပ်မှုအဖြစ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့လွှဲအပ်ပေးရန် အကြောင်းပေါ်ပေါက်ခြင်း ရှိ မရှိ ဆုံးဖြတ်ရာတွင် -

(က) ခုံအဖွဲ့က ကြားနာစစ်ဆေးနေစဉ် အမှု၌ ဥပဒေကြောင်းနှင့်စပ်လျဉ်း၍ ဖြေရှင်းရမည့် ကိစ္စတစ်ရပ်ရပ်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိချက်အရ တင်ပြလာခြင်းဖြစ်ပါက စိစစ်ဆုံးဖြတ်ရမည်။

(ခ) လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူက ခုံအဖွဲ့၏အမိန့်တွင် ဥပဒေကြောင်းအရ ဖြေရှင်းရမည့်ကိစ္စတစ်ရပ်ရပ်ပေါ်ပေါက်ကြောင်းဖော်ပြ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးပါရန် လျှောက်ထားခြင်းဖြစ်ပါက ကြားနာစစ်ဆေးဆုံးဖြတ်ရမည်။"

၅။ အခွန်အယူခံခုံအဖွဲ့ ဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၃။ ပုဒ်မ ၁၂ အရ ဆုံးဖြတ်ရာတွင်-

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်သင့်ကြောင်းဆုံးဖြတ်ပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အဆုံးအဖြတ်ရယူနိုင်ရန်အမှုကို လွှဲအပ်ပေးပို့ရမည်။

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ရန်မသင့်ကြောင်း ဆုံးဖြတ်ပါက -

(၁) ခုံအဖွဲ့က ကြားနာစစ်ဆေးနေဆဲအမှုဖြစ်ပါက အမှုကိုဆက်လက်စစ်ဆေးဆုံးဖြတ်စေရမည်။

(၂) လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူက တင်ပြလျှောက်ထားသော အမှုဖြစ်ပါက ပလပ်ကြောင်းအမိန့်ချမှတ်ရမည်။"

၆။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) တွင်ပါရှိသော "စာရွက်စာတမ်း" ဆိုသည့် စကားရပ်ကို "စာတမ်းအမှတ်အသား" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"ခုံအဖွဲ့သည် အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းကချမှတ်ထားသော အပြီးသတ်အမိန့် သို့မဟုတ် အပြီးသတ်ဆုံးဖြတ်ချက်များ သို့မဟုတ် မူလခုံအဖွဲ့ကချမှတ်သော အမိန့်အပေါ်အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။"

၈။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ဂ) သက်ဆိုင်ရာအစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းက တာဝန်ပေးအပ်ခြင်းခံရသည့် ဦးစီးအရာရှိအဆင့်အောက် မနိမ့်သောပုဂ္ဂိုလ်သည် အမှုနှင့်စပ်လျဉ်း၍ ခုံအဖွဲ့သို့ လာရောက်ခြင်း၊ လျှောက်ထားခြင်း၊ ဆောင်ရွက်ခြင်း၊ လျှောက်လဲချက်ပေးခြင်းတို့ ပြုနိုင်သည်။"

၉။ အခွန်အယူခံခုံအဖွဲ့ဥပဒေ၏ အခန်း (၆) ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

"ကြားနာခြင်း၊ ဆုံးဖြတ်ချက်၊ အမိန့်ချမှတ်ခြင်းနှင့် ရုပ်သိမ်းခြင်း"

၁၀။ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(က)ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"(က) လွှဲအပ်မှုမှတစ်ပါး အမှုများကို ကြားနာစစ်ဆေးရာတွင် ခုံအဖွဲ့တစ်ဖွဲ့လျှင် မိမိအပါအဝင်ဖြစ်စေ၊ အခြားအဖွဲ့ဝင်များဖြင့်ဖြစ်စေ ခုံအဖွဲ့ခေါင်းဆောင်တစ်ဦးနှင့် အဖွဲ့ဝင်နှစ်ဦး ပါဝင်ဆောင်ရွက်ရန် ဖွဲ့စည်းရမည်။"

၁၁။ အခွန်အယူခံခုံအဖွဲ့ ဥပဒေ ပုဒ်မ ၂၂ တွင် -

(က) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) ကြားနာသောအမှုနှင့်စပ်လျဉ်း၍ ခုံအဖွဲ့၏ နေ့စဉ်ဆောင်ရွက်ချက်များကို ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်ခြင်းခံရသူက မှတ်တမ်းတင်ပြီး ဥက္ကဋ္ဌ သို့မဟုတ် ခုံအဖွဲ့ခေါင်းဆောင်က လက်မှတ်ရေးထိုးထားရှိရမည်။"

( ခ ) ပုဒ်မခွဲ (င) ကို ပယ်ဖျက်ရမည်။

၁၂။ အခွန်အယူခံခုံအဖွဲ့ ဥပဒေပုဒ်မ ၂၂ ၏ နောက်တွင် ပုဒ်မ ၂၂-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၂၂-က။ ခုံအဖွဲ့သည် အမှုကိုကြားနာခြင်း၊ စစ်ဆေးခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အမိန့်ချမှတ်ခြင်းတို့ကို ဆောင်ရွက်ရာတွင် တရားမကျင့်ထုံးဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ သက်သေခံအက်ဥပဒေနှင့် အခြားတည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆီလျော်သရွေ့ ရည်ညွှန်းသုံးစွဲနိုင်သည်။

၁၃။ အခွန်အယူခံခုံအဖွဲ့ ဥပဒေ ပုဒ်မ ၂၄ တွင်ပါရှိသော "ဆုံးဖြတ်ချက်" ဆိုသည့် စကားရပ်နှင့် ပုဒ်မ ၂၉ တွင် ပါရှိသော "စီရင်ချက်အမိန့်" ဆိုသည့် စကားရပ်တို့ကို "အမိန့်" ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၁၄။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၂၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၅။ အမှုကြားနာစစ်ဆေးသောဥက္ကဋ္ဌ သို့မဟုတ် ခုံအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များက အတည်ပြုလက်မှတ်ရေးထိုး၍ရက်စွဲတပ်ထားသောအမိန့်ကို ခုံအဖွဲ့က အများပြည်သူရှေ့မှောက်တွင် ချမှတ်ခြင်း သို့မဟုတ် ခုံအဖွဲ့ရုံးက နှစ်ဖက်အမှုသည်များထံ စာဖြင့်ပေးပို့ခြင်းနှင့် ပြန်တမ်းတွင် ထည့်သွင်းကြေညာနိုင်ရန် ပေးပို့ခြင်းတို့ကို ဆောင်ရွက်ရမည်။"

၁၅။ အခွန်အယူခံခုံအဖွဲ့ဥပဒေ ပုဒ်မ ၃၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၀။ ခုံအဖွဲ့သည် မိမိဆောင်ရွက်ခဲ့သည့် ကြားနာမှုများနှင့်သက်ဆိုင်သည့် အစီရင်ခံစာကို ဘဏ္ဍာရေးနှစ်တစ်နှစ် ပြီးဆုံးသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း အစိုးရအဖွဲ့သို့ နှစ်စဉ်တင်ပြရမည်။"

၁၆။ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၄၂ တွင်ပါရှိသော "ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "ဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

## နတ်မောက်ရေလှောင်တမံနှင့် ကျောက်တံခါးလက်ဝဲမြောင်းမကြီးတို့မှ နွေသီးနှံစိုက်ပျိုးနိုင်ရန် ရေများဖြန့်ဝေ



**နတ်မောက် ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်း ဒေသခံတောင်သူများ နွေစပါးနှင့် နွေသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် နတ်မောက် ရေလှောင်တမံမှ ဖေဖော်ဝါရီ ၁ ရက်နှင့် ကျောက်တံခါး လက်ဝဲမြောင်းမကြီးမှ ဖေဖော်ဝါရီ ၆ ရက်တို့တွင် စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေးနေပြီဖြစ်ကြောင်း သိရသည်။

နတ်မောက်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဒေသခံတောင်သူများရာသီအလိုက်သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေ ဖူလုံစေရေးအတွက် စိုက်ပျိုးရေလုံလောက်စွာ ရရှိစိုက်ပျိုးလျက်ရှိသည်။ နတ်မောက်မြို့နယ်နတ်မောက်ရေလှောင်တမံတွင် ရေလှောင်ပမာဏ ၆၄၈၃၉ ဧကပေနှင့် ကျောက်တံခါး လက်ဝဲမြောင်းမကြီးတွင် ရေလှောင်ပမာဏ ၃၀၅၁၈ ဧကပေ ရေသိုလှောင်ထားရှိပြီး နတ်မောက်ရေလှောင်တမံမှ နတ်မောက်မြို့နယ်အတွင်း စိုက်ဧက ၅၆၉ ဧကနှင့် မြို့သစ်မြို့နယ်အတွင်း စိုက်ဧက ၆၀၁၄ ဧက၊ ကျောက်တံခါး လက်ဝဲမြောင်းမကြီး စိုက်ဧက ၂၀၀၀ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေလုံလောက်စွာ ပေးဝေသွားမည်ဖြစ်ကြောင်း နတ်မောက်မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနရုံးမှ သိရသည်။

လှဝင်း

❐ စာမျက်နှာ ၂၄ မှ

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် ညောင်ရွှေမြို့နယ် အင်းလေးဒေသ ဖောင်တော်ဦးမြတ်စွာဘုရား ဖောင်ဆိပ်သို့ ရောက်ရှိကြရာ ဒုတိယဝန်ကြီးများ၊ မြို့နယ်ဌာနဆိုင်ရာများ၊ ဘုရားဂေါပကအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများက ကြိုဆိုနှုတ်ဆက်ကြသည်။

## ဖူးမြော်ကြည်ညို

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဖောင်တော်ဦးဘုရား ရုပ်ပွားတော်မြတ်ငါးဆူအား ပန်း၊ ရေချမ်း၊ ရွှေသင်္ကန်းများ ကပ်လှူပူဇော် ဖူးမြော်ကြည်ညို ကန်တော့ပြီး ဘက်စုံပြုပြင် မွမ်းမံရန်အတွက် အလှူငွေများလှူဒါန်းရာ ဘုရားဂေါပကအဖွဲ့ဝင်များက လက်ခံရယူကာ ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၍ တာဝန်ရှိသူများက အင်းလေးဒေသဆိုင်ရာ အချက်အလက်များ၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ငလျင်ကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးမှုနှင့် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ညောင်ရွှေဒေသရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ငွေများနှင့် အသုံးအဆောင်ပစ္စည်းများ ဖြန့်ခွဲပေးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) က ငလျင်ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ငွေများ၊ ထောက်ပံ့ပစ္စည်းများနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများအား ငလျင်ဘေးဒဏ်သင့် ပြည်သူများ၏ လက်ဝယ်သို့ အမှန်တကယ် ရောက်ရှိရေး၊ ထောက်ပံ့ပေးအပ်ရန် ကျန်ရှိနေသည်များကိုလည်း အမြန်ဆုံးပြီးပြတ်အောင် ထောက်ပံ့ပေးအပ်နိုင်ရေး၊ နိုင်ငံတော်အစိုးရမှ ပေးအပ်ထားသည့် ထောက်ပံ့ငွေများအား လေလွင့်ဆုံးရှုံးမှုမရှိစေရေး ငလျင်ဒဏ်ခံစားခဲ့ရသည့် အင်းလေးဒေသ အမြန်ဆုံးမူလအခြေအနေထက်ပိုမိုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် စနစ်တကျစီမံဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဖောင်တော်ဦးဘုရားရုပ်ပွားတော်မြတ်ငါးဆူအား ရွှေသင်္ကန်းများ ကပ်လှူပူဇော်စဉ်။

## လိုက်လံကြည့်ရှု

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ဘုရားရင်ပြင်တော်ရှိ နေပူခံကျောက်ပြားများ ကွဲအက်ပျက်စီးခြင်း၊ မုခ်ဦးများ၊ လှေကားများ၊ ကရဝိက်ဖောင်တော်ထားရှိရာအဆောင်နှင့်အခြားသာသနိကအဆောက်အအုံများ ပြိုကျပျက်စီးနေခြင်းများကို ပြည်နယ်အင်ဂျင်နီယာများနှင့်အဖွဲ့များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ပညာရှင်များက မူလလက်ရာမပျက် ပြန်လည်ပြုပြင်ထားရှိမှုများ၊ အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် စိမ်းလန်းစိုပြည်စေရေးတို့အတွက် စက်ယန္တရားများဖြင့် စက်တပ်ရေယာဉ်ငယ်များ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်သွားလာနိုင်ရေး ရေလမ်းကြောင်းရှိ ဒိုက်ဖတ်များ၊ မှော်များ၊ အမှိုက်သရိုက်များ ရှင်းလင်းဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အင်းလေး ဖောင်တော်ဦးမြတ်စွာဘုရား ကိန်းဝပ်သီတင်းသုံးတော်မူရာ ရတနာစံကျောင်းတော်ကြီးသည် ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ဒဏ်ကြောင့် ပင်မစံကျောင်းတော်၏ ခိုင်မြဲမှုအခြေအနေမှာ ကောင်းမွန်လျက်ရှိသော်လည်း မြောက်အရပ်ပင်မလှေကားထိပ်နှင့် ပင်မစံကျောင်းတော် ထိစပ်နေရာ၌ အနည်းငယ်ထိခိုက်မှုရှိပြီး ကျန်အရှေ့၊ အနောက်၊ တောင်ဘက် အရပ်မျက်နှာရှိ လှေကားထိပ်နှင့် စံကျောင်းတော်မှာ မူလကပင် တွဲဆက်ထားခြင်းမဟုတ်သည့်အတွက် ၃ လက်မမှ ၆ လက်မအထိ ကွာဟသွားခဲ့ကြောင်း၊ အဆိုပါအခြေအနေအား နယ်မြေခံ ပြည်နယ်အင်ဂျင်နီယာများနှင့်အဖွဲ့များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ပညာရှင်များဖြင့် ဆွေးနွေးတိုင်ပင်၍ မူလလက်ရာမပျက် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဆောင်ရွက်ပြီးစီးမှုအနေဖြင့် ရင်ပြင်တော်ရှိ နေပူခံကျောက်ပြားများခင်းခြင်း ၁၀၀ ရာခိုင်နှုန်း၊ ဖောင်တော်ဦးဘုရား မူလကျောင်းဆောင် အောက်ခြေသံကူကွန်ကရစ် ထပ်ပိုးခြင်း ၁၀၀ ရာခိုင်နှုန်း၊ မူလစံကျောင်းတော် အရှေ့ဘက်၊ အနောက်ဘက်မုခ်ဦးစောင်းတန်းလှေကားများ ၁၀၀ ရာခိုင်နှုန်း၊ မူလစံကျောင်း တောင်ဘက်မုခ် လှေကားနှင့် မြောက်ဘက် အာရုံခံတန်စောင်း ၁၀၀ ရာခိုင်နှုန်း၊ ကရဝိက် အဆောင် ၁၀၀ ရာခိုင်နှုန်း ပြန်လည်ပြုပြင်ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရပြီး ဘုရားဖူးပြည်သူများ အန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်နိုင်ပြီဖြစ်ကြောင်းနှင့် မြောက်ဘက်မုခ်ရှိ လှေကားအနေဖြင့် အင်းလေး ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ဒေသစာရီကြွချီ အပူဇော်ခံရန်အတွက် ပင်မစံကျောင်းတော်မှ ပင့်ဆောင်ရာတွင် အနည်းငယ်မတ်စောက်သည့်အတွက် လှေကားအသစ်ပြန်လည် တည်ဆောက်လျက်ရှိကြောင်းနှင့် မတ်လကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရှိရသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကလောမြို့ စစ်ဦးစီးတက္ကသိုလ်ရှိ သင်တန်းသားအရာရှိကြီးများအား စစ်ဆင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် ကိစ္စရပ်များအား အသေးစိတ် ဆွေးနွေးမှာကြားစဉ်။

ထို့အပြင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သည် ယနေ့နံနက်ပိုင်းတွင် ဗထူးတပ်နယ်ရှိ ကျောင်းအုပ်ကြီးများ၊ တပ်ရင်း/ တပ်ဖွဲ့မှူးများအား တွေ့ဆုံ၍ တပ်တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အသေးစိတ် ဆွေးနွေး မှာကြားခဲ့သည်။ အလားတူ ယနေ့ညနေပိုင်းတွင်လည်း ကလောမြို့ စစ်ဦးစီးတက္ကသိုလ်ရှိ သင်တန်းသားအရာရှိကြီးများအား စစ်ဆင်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် ကိစ္စရပ်များအား အသေးစိတ်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card ၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်အဖွဲ့ဝင်များ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ အာဟာရသုခဈေး၌ မီးလောင်မှုဖြစ်ပွားခဲ့သည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂၅ ရက် ညပိုင်းတွင် မီးလောင်မှုဖြစ်ပွားခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာအုပ်စု ကင်ပွန်းတန်းကျေးရွာရှိ အာဟာရသုခဈေးသို့ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မီးလောင်မှုဖြစ်ပွားခဲ့သည့် ရုံအမှတ် (ဂ) ရှိ မီးလောင်ပျက်စီးခဲ့မှုအခြေအနေနှင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ဆိုင်ခန်းပိုင်ရှင်များအား တွေ့ဆုံအားပေးစကားပြောကြားကာ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာအုပ်စု ကင်ပွန်းတန်းကျေးရွာရှိ အာဟာရသုခဈေးတွင် ဖေဖော်ဝါရီ ၂၅ ရက် ည ၈ နာရီ ၄၆ မိနစ်ခန့်တွင် ဈေးရုံ၏ ရုံအမှတ် (ဂ)မှ စတင်၍ မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက အချိန်မီ သွားရောက်ငြိမ်းသတ်ခဲ့ရာ ည ၉ နာရီ ၃၁ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်ကြောင့် လူအသေအပျောက်နှင့် ထိခိုက်ဒဏ်ရာ



ရရှိမှု တစ်စုံတစ်ရာမရှိခဲ့ကြောင်းနှင့် ဈေးရုံ ငါးရုံအနက် ဈေးရုံ တစ်ရုံရှိ ဆိုင်ခန်းပေါင်း ၂၄၀ ခန့် မီးလောင်ပျက်စီးခဲ့ပြီး ဈေးကြီးအတွင်းရှိ မီးလောင်ပျက်စီးမှုတွင် ပါဝင်ခြင်းမရှိသည့် ကျန်ဈေးရုံများနှင့် ဈေးဆိုင်ခန်းများတွင် ပုံမှန်အတိုင်း ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်းနှင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဈေးဆိုင်ခန်းများကိုလည်း အမြန်ဆုံးပြန်လည်ဖွင့်လှစ်ရောင်းချနိုင်စေရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၆)ကျင်းပ

## ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်၍ ပြည်သူလူထုအသိပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးရန်လို

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်အမှာစကား ပြောကြားသည်။



အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီးများ၊ အတွင်းရေးမှူး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌများဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Online ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှုနှင့်ပတ်သက်၍ "စည်းကမ်းတကျဆင့်ခေါ်မှုကို အလေးထားရန်" လမ်းညွှန်ထားရှိမှုအပေါ် အဆင့်ဆင့်သော ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် အလေးထားလိုက်နာဆောင်ရွက်ကြရန် ဦးစွာမှာကြားလိုကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိပြီး ဥပဒေအရ အသက်သတ်မှတ်ချက်နှင့် ကိုက်ညီ အကျုံးဝင်သူများအနေဖြင့် သတ်မှတ်ကာလအလိုက် အဆင်ပြေချောမွေ့စွာ တာဝန်ထမ်းဆောင်နိုင်ရေး စီမံဆင့်ခေါ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အဖွဲ့များအနေဖြင့်လည်း ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ယနေ့အထိ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၉)အထိ သင်တန်းဆင်းခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်း၊ ၎င်းတို့ထဲမှ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်၊ သူရဲကောင်းလက်မှတ်၊ ဂုဏ်ထူးဆောင်လက်မှတ်နှင့် အကြီးအကဲများ၏ ချီးကျူးဂုဏ်ပြုလက်မှတ်များရရှိခဲ့သူ ၇၄ ဦးထိရှိပြီဖြစ်ကြောင်း၊ လက်ရှိချိန်တွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၃)ခု ဖွင့်လှစ်တက်ရောက်လေ့ကျင့်လျက်ရှိကြောင်း။

ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်အဖွဲ့များအနေဖြင့် လူမှုဆက်ဆံရေးကောင်းမွန်စေရေး၊ ငွေကြေးဆိုင်ရာ မသမာမှုများမရှိစေရေး၊ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မှုရှိစေရေးတို့အတွက် တာဝန်ရှိသူအဆင့်ဆင့်က စိစစ်ကြပ်မတ်ပေးရန် လိုကြောင်း၊ ထို့အတူ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြိုးစားဆောင်ရွက်နေသူ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများကို မမှန်သတင်းများဖြင့်လည်းကောင်း၊ တစ်ဆင့်ကြားသိရသည့် သတင်းမှားများဖြင့်လည်းကောင်း တိုင်ကြားမှုများရှိနေသည်ကိုလည်း တွေ့ရှိရကြောင်း၊ မှန်ကန်မှုမရှိဘဲ လုပ်ကြံပြောဆိုဝါဒဖြန့်ခြင်း၊ မမှန်မကန်တိုင်ကြားခြင်းများရှိပါက တိကျစွာဖော်ထုတ်၍ အရေးယူသွားရန် လိုအပ်ကြောင်း၊ မမှန်မကန်တိုင်ကြားသဖြင့် တိုင်ကြားသူကို အရေးယူခဲ့ရသည်များလည်းရှိပြီး အရေးယူရန်ဆောင်ရွက်ဆဲအမှုများလည်းရှိကြောင်း၊ အလားတူ လေ့ကျင့်ရေး သင်တန်းကျောင်းများသို့ မပို့ဆောင်မီ စုရပ်များတွင် စိစစ်ရာ၌ အသက်မပြည့်သေးသူများ၊ အသက်ကျော်လွန်သူများတွေ့ရှိရသဖြင့် ပြန်လည်စေလွှတ်ပေးခဲ့ရသည်များရှိ၍ စစ်မှုထမ်းသက်နှင့် အကျုံးဝင်သူများကို သေချာစွာ စိစစ်ဆင့်ခေါ်ရန် လိုအပ်ကြောင်း။

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးနှင့် ပတ်သက်၍ တာဝန်ရှိသူများ၊ ကြားခံလူများက ဥပဒေကို လက်တစ်လုံးခြားဆောင်ရွက်မှုများနှင့် မတရားပြုလုပ်ခြင်းများမှန်ကန်ပါက ထိရောက်စွာ အရေးယူသွားနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ လက်ရှိအနေအထားတွင်လည်း အရေးယူပြီး၊ အရေးယူဆဲအမှုများလည်း ရှိနေပါကြောင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်၍ ပြည်သူလူထုအသိပညာပေးမှုများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးရန်လိုကြောင်း၊ ဗဟိုအဖွဲ့အနေဖြင့် စာရင်းဇယား မှန်ကန်ရန်နှင့် ရေရှည်တွင်မှတ်တမ်းထည့်သွင်းမှုလွယ်ကူစေရန်အတွက် ပြည်သူ့စစ်မှုထမ်း ကိုယ်ရေးအချက်အလက်စီမံခန့်ခွဲမှု စနစ်( National Service Information Management System – NSIMS) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဗဟိုအဖွဲ့အနေဖြင့် နေပြည်တော်ကောင်စီနှင့် ပြည်နယ်၊ တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များက တင်ပြလာသည့် ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်းခွင့်များနှင့် ပတ်သက်၍ အလေးထားစိစစ်၍ ခွင့်ပြုပေးလျက်ရှိကြောင်း၊ ထိုသို့ ခွင့်ပြုခဲ့သူများမှ ရွှေ့ဆိုင်းခွင့်ပြုခဲ့သူများအား နေပြည်တော်ကောင်စီနှင့် ပြည်နယ်၊ တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် စနစ်တကျမှတ်တမ်းရေးသွင်း၍ ပြန်လည်ဆင့်ခေါ်ရမည့်အချိန်တွင် ရာနှုန်းပြည့်ပြန်လည်ဆင့်ခေါ်နိုင်ရေး စနစ်တကျကြပ်မတ်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း။

သတ်မှတ် အချိန်ကာလအတိုင်း ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး တပ်မတော်မှနုတ်ထွက်ခဲ့သူများမှ ပြန်လည်နေရာချထားမှုခံယူလိုသူများအတွက် "စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ"ကို ဖွဲ့စည်းထားကြောင်း၊ ယင်းစီမံခန့်ခွဲမှုကော်မတီ၏အောက်တွင် လုပ်ငန်းကော်မတီ (၅)ခု ဖွဲ့စည်းထားရှိပြီး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ စစ်မှုထမ်းကာလပြည့်မြောက်၍ တာဝန်ကျေပွန်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများကို သက်ဆိုင်ရာသင်တန်းများပေး၍ အစိုးရအမှုထမ်း၊ ပြည်ပအလုပ်အကိုင်များ၊ ကုမ္ပဏီအလုပ်အကိုင်များ၊ ပုဂ္ဂလိကအလုပ်အကိုင်များ၊ ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များ လုပ်ကိုင်နိုင်ရေး စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဥက္ကဋ္ဌများက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးဗဟိုအကျဉ်းထောင်သို့ သွားရောက်ကြည့်ရှု

**မန္တလေး ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် တာဝန်ရှိသူများလိုက်ပါပြီး မန္တလေးဗဟိုအကျဉ်းထောင်တွင် သီးသန့်တရားရုံးအဆောက်အအုံများကို ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုခဲ့သည်။

ဦးစွာ မန္တလေးဗဟိုအကျဉ်းထောင်ရှိ အစည်းအဝေးခန်းမတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့်အဖွဲ့အား မန္တလေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် မန္တလေးဗဟိုအကျဉ်းထောင်မှ ဒုတိယညွှန်ကြားရေးမှူးတို့က အကျဉ်းထောင်ဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အကျဉ်းထောင်တွင် သီးသန့်တရားရုံးဖြင့် ရုံးထိုင်စစ်ဆေးနေသည့်အမှုများ၊ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးဆောင်ရွက်ရာတွင် မြန်ဆန်မှန်ကန်စွာဖြင့် ကြန့်ကြာမှုမရှိစေရန်နှင့် ရုံးလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားရေးတို့ကို မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီးဥပဒေချုပ်တို့က ကဏ္ဍအလိုက် ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီးနောက် မန္တလေးဗဟိုအကျဉ်းထောင်ရှိ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။



(မန္တလေးနေ့စဉ်)



## သမဝါယမအသင်းစု၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်သမဝါယမအသင်းစုရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသိန်းလွင်ဦး၊ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦး၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် အဖွဲ့ဝင် ဦးဟန်တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် မြို့နယ် ဦးစီးအရာရှိ ဒေါ်တင်တင်အောင်က လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို ဦးခင်မောင်မြင့်က ဖတ်ကြားတင်သွင်းပြီး၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အသားတင် အကျိုးငွေ ခွဲဝေမှုစာရင်းများအား ဒေါ်အေးအေးသန်းက ဖတ်ကြားတင်ပြ၍ အသင်းစာရင်းစစ်အစီရင်ခံစာများကို စစ်ဆေးရေးအဖွဲ့မှ ဦးသန်းဆောင်က ဖတ်ကြားတင်သွင်းသည်။ ထို့နောက် သဘာပတိက ဘဏ္ဍာရေးရှင်းတမ်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို အတည်ပြု၍ အသင်းဝင်များက မေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်းများကို ဆောင်ရွက်ကြပြီး၊ အသင်းဝင်များ၏ အစုပေါ်အမြတ်များ၊ အသင်းဝင်မိသားစုဝင်များ၏ ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများ အသီးသီး ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

စာနည်းကိုကို(ပြန်/ဆက်)

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း (၃၃)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့

**မန္တလေး ဖေဖော်ဝါရီ ၂၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း (၃၃)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ခြောက်ထပ်ဆောင် မြေညီထပ်တွင် ပြုလုပ်ခဲ့ကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက် သီးနှံများကိုစိုက်ပျိုး၍ ခူးဆွတ်ပေးဝေလျက်ရှိရာ ဆက်လက်ဖြန့်ဝေနိုင်ရန် သီးနှံများ ပျိုးထောင်ထားရှိကြောင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

(၃၃)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ ဟင်းသီးဟင်းရွက်များနှင့် ခရမ်းချဉ်သီး(၅၀)ကျပ်သား (၂၅၆) ထုပ်ကို စီမံရေးရာဌာန၊ ချမ်းအေးသာစံမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ မဟာအောင်မြေမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ချမ်းမြသာစည်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတို့မှ ဝန်ထမ်းများနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဝန်ထမ်းများကို စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဒုတိယဌာနမှူး ဦးဇော်ဇော်ထွန်းနှင့်တာဝန်ရှိသူများက အချိုးကျ ခွဲဝေထောက်ပံ့ပေးအပ်ကြရာ ဌာနတာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။



(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၃)

## နွေစပါးနှင့် နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေများ စတင်ဖြန့်ဝေ

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်အတွင်း ဒေသခံတောင်သူများ နွေစပါးနှင့်နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ဌာနထိန်း ဆည်၊ ကန်၊ တမံများမှ တစ်ဆင့် စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေးလျက်ရှိကြောင်း မိတ္ထီလာခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။



မိတ္ထီလာခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဒေသခံတောင်သူများ ရာသီအလိုက် သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေဖူလုံစေရေးအတွက် ခရိုင်အတွင်းရှိ ဆည်၊ ကန်၊ တမံများနှင့် ကင်းတားတမံ ရေသောက်စနစ် ရေပေးမြောင်းများမှ လယ်ယာမြေစိုက်ခင်းများသို့ အရောက်ပို့လွှတ်ဖြန့်ဝေဆောင်ရွက်ပေးခြင်းကြောင့် တောင်သူများ စိုက်ပျိုးရေလုံလောက်စွာ ရရှိစိုက်ပျိုးလျက်ရှိသည်။ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင်လည်း ခရိုင်အတွင်းရှိ မိတ္ထီလာ၊ သာစည်၊ မလှိုင်၊ ဝမ်းတွင်းမြို့နယ်များအတွင်း ဒေသခံတောင်သူများ သီးနှံ အချိန်မီစိုက်ပျိုးလုပ်ကိုင်နိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းကစတင်ပြီး စိုက်ပျိုးရေများ ပေးဝေလျက်ရှိသည်။ မိတ္ထီလာခရိုင်အတွင်း ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး ဧက ၇၀၄၀၊ နွေနှမ်းနှင့် အခြားသီးနှံ ဧက ၂၅၁၃၀၊ စုစုပေါင်း နွေသီးနှံ ဧက ၃၂၁၇၀ ကို စိုက်ပျိုးရေလုံလောက်စွာ ပေးဝေသွားမည်ဖြစ်ကြောင်း ခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

(ဝဲပုံ)

(၄၅၃)


# ဆန္ဒမဲပေးပိုင်ခွင့်ရှိသူနှင့် ဆန္ဒမဲပေးသူများတွင် လူငယ်များပါဝင်မှု ရာခိုင်နှုန်းများပြား

နေပြည်တော်   ဖေဖော်ဝါရီ ၂၆

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အပိုင်း (၃)ပိုင်းဖြင့် ဆောင်ရွက်ခဲ့ပြီး ဒီမိုကရေစီစံနှုန်းများနှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့သည်။ ယခုကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲသည် ယခင်ရွေးကောက်ပွဲများနှင့်မတူညီဘဲ အခက်အခဲအမျိုးမျိုးကြားမှ ဆောင်ရွက်ခဲ့ရသော်လည်း နိုင်ငံရေးပါတီများအနေဖြင့် စိတ်အားထက်သန်စွာဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသကဲ့သို့ မဲဆန္ဒရှင်ပြည်သူများအနေဖြင့်လည်း နိုင်ငံသားတစ်ယောက်အနေဖြင့် တာဝန်ကျေပွန်စွာ၊ စိတ်ပါဝင်စားစွာ လာရောက်မဲပေးခဲ့ကြသည်။

### လူငယ်များပါဝင်မှု မြင့်မား

ရွေးကောက်ပွဲအပိုင်း (၃)ပိုင်းလုံးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်စုစုပေါင်း ၂၄ ဒသမ ၂၂ သန်းရှိပြီး မဲပေးသူ ၁၃ ဒသမ ၁၄ သန်းကျော်ရှိ၍ မဲပေးမှုရာခိုင်နှုန်း ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းကျော်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ပြီးဖြစ်သည်။ မဲဆန္ဒရှင် စုစုပေါင်း ၂၄ ဒသမ ၂၂ သန်း၏ အသက်အရွယ်အပိုင်းအခြားမှာ ၁၈ နှစ်မှ ၃၀ နှစ်ကြား ၂၄ ရာခိုင်နှုန်း၊ ၃၀ နှစ်မှ ၄၀ နှစ်ကြား ၂၁ ရာခိုင်နှုန်း၊ ၄၀ နှစ်မှ ၅၀ နှစ်ကြား ၂၀ ရာခိုင်နှုန်း၊ ၅၀ နှစ်မှ ၆၀ နှစ်ကြား ၁၇ ရာခိုင်နှုန်း၊ ၆၀ နှစ်မှ ၇၀ ကြား ၁၁ ရာခိုင်နှုန်း၊ ၇၀ နှစ်အထက် ၇ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။ ထို့ကြောင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်များစာရင်းတွင် လူငယ်များပါဝင်မှုရာခိုင်နှုန်းမှာ မြင့်မားလျက်ရှိကြောင်း တွေ့ရှိရသည်။




ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းက ဆန္ဒမဲလာရောက်ပေးကြရာတွင်လည်း လူငယ်များ ပါဝင်ဆန္ဒမဲပေးမှုများပြားကြောင်း တွေ့ရှိရသည့်အတွက် လူငယ်များအနေဖြင့် နိုင်ငံ့အရေးကို ပိုစိတ်ဝင်စားမှုရှိလာကြောင်း သိရှိရသည်။

သတင်းစဉ်

# နယ်စပ်ရေးရာဝန်ကြီးဌာနက စစ်ကိုင်းတိုင်းဒေသကြီးနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော်   ဖေဖော်ဝါရီ ၂၆

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တစ်နိုင်ငံလုံးအကြားအလပ်မရှိ စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် မယ်ပုတ် - ကျားကိုက် - မလန်ပိုင် ကျေးရွာချင်းဆက်လမ်း ၁၀ မိုင်အနက် မြေသားလမ်း ၃ မိုင် ဖောက်လုပ်ခြင်းနှင့် ၅x ၅x၂၆ ပေ Box Culvert ၁၂ စင်း တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

အဆိုပါ လမ်းဆောင်ရွက်ပေးနိုင်မှုကြောင့် ချင်းတွင်းမြစ် အနောက်ဘက်ကမ်းရှိ ကျေးရွာ ၁၀ ရွာမှ ဒေသခံပြည်သူ ၃၆၅၀ တို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝများ ပိုမိုတိုးတက်ရေးတို့အတွက် များစွာအကျိုးပြုနိုင်မည်ဖြစ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၄၉၁၄ ဒသမ ၉၁၃ သန်းဖြင့် လမ်းတာချဲ့ ၁၅ မိုင်၊ မြေသားလမ်း ၈ မိုင်၊ မြေသားလမ်းပြုပြင်ထိန်းသိမ်းခြင်း ၁၀ မိုင်၊ အမာခံလမ်း ၈ မိုင်၊ ကျောက်လမ်း ၂ မိုင်၊ ကွန်ကရစ်လမ်း ၅ ဖာလုံ၊ Box Culvert ၂၇ စင်း၊ ကွန်ကရစ်တံတား တစ်စင်း၊ ကျောက်တောင်မိုင်းခွဲခြင်းလုပ်ငန်း တစ်ခု၊ တောင်ပြိုမြေရှင်းလင်းခြင်းလုပ်ငန်း ရှစ်ခု၊ ချဉ်းကပ်လမ်းပြန်လည်ပြုပြင်ခြင်း တစ်ခု၊ သာသနာရေးလုပ်ငန်း သုံးခု၊ ဦးစီးဌာနလုပ်ငန်း ငါးခု၊ ထောက်ပံ့လုပ်ငန်း နှစ်ခုတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပေါက်မ-ကယ်ဘာကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်း




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၁၀၅၇၅ ဧက ရှိသောနယ်မြေကို **"ပေါက်မ - ကယ်ဘာကြိုးပြင်ကာကွယ်တော"** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၆ )အရ (၁၃၈၇)ခုနှစ်၊ တပေါင်းလဆန်း (၃)ရက်၊ (၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာ့သစ်တောမူဝါဒ၏ ရည်မှန်းချက်ဖြစ်သော ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောဧရိယာကို မြန်မာနိုင်ငံ ဧရိယာ၏ ၃၀ ရာခိုင်နှုန်း ဖွဲ့စည်းနိုင်ရန်၊ ရေမြေသဘာဝတောတောင် ပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများအား ထာဝစဉ်တည်တံ့စေရေးထိန်းသိမ်းကာကွယ်ရန်၊ အပူပိုင်းဒေသတောများဖြစ်၍ ရာသီဥတုမျှတကောင်းမွန်လာစေရန်နှင့် ဒေသခံများ၏ စိုက်ပျိုးရေးလုပ်ငန်းများ ကောင်းမွန်လာစေပြီး ဒေသခံပြည်သူများ၏ အခြေခံ စား၊ ဝတ်၊ နေရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်း ဖြစ်ပါသည်။

"ပေါက်မ - ကယ်ဘာကြိုးပြင်ကာကွယ်တော" သတ်မှတ်ခြင်းဖြင့် အပူပိုင်းဒေသသစ်မျိုးများ ဖြစ်သည့် သန်း၊ ဒဟတ်၊ ထောက်ကြံ့၊ ရှား၊ အင်ကြင်း၊ သစ်ရာ၊ လွန်၊ ဆီးဖြူ၊ ဖန်ခါး၊ သစ်စေး၊ သစ်ပုဂံ စသည့် သစ်မျိုးများအား ထိန်းသိမ်းနိုင်ခြင်း၊ ကာကွယ်တောအတွင်း မှီခိုနေထိုင်ကြသော သားငှက်တိရစ္ဆာန်များဖြစ်သည့် ချေ၊ တောဝက်၊ ယုန်၊ ကြောင်၊ ဖွတ်၊ ပဒတ်၊ မြွေ၊ ကုန်းလိပ်၊ သိမ်းငှက်၊ ချိုး၊ ဆက်ရက်၊ ငုံး၊ ငုံး၊ တောကြက်၊ ခါ၊ ဘီလုံးငှက်၊ ဇွေ့ငှက်၊ ကြက်တူရွေးနှင့် ငှက်တော်စသည့် တောရိုင်းတိရစ္ဆာန်များအား ထိန်းသိမ်းနိုင်မည့်အပြင် ကြိုးပြင်ကာကွယ်တောအနီးရှိ ကျေးရွာနေဒေသခံပြည်သူများ၏ အခြေခံစားဝတ်နေရေးဖြစ်သည့် လယ်ယာသုံးပစ္စည်းများ၊ ဒေသသုံး မျော၊ တိုင်၊ ထင်း ၊ ဝါးများနှင့် သစ်တောများမှ ဟင်းသီးဟင်းရွက်များ၊ သစ်ဥသစ်ဖုများ၊ ပရဆေးများ စသည်တို့ကို အလွယ်တကူထုတ်ယူသုံးစွဲနိုင်ခြင်း၊ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်လာပြီး ရာသီဥတုမျှတ၍ ဒေသခံပြည်သူများ၏လယ်၊ ယာမြေ၊ ကောက်ပဲသီးနှံများ အထွက်တိုးလာစေခြင်း၊ ဒေသခံပြည်သူများအနေဖြင့် သစ်တောများမှ တိုက်ရိုက်နှင့် သွယ်ဝိုက်သော အကျိုးကျေးဇူးများ ခံစားနိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သစ်တောသစ်ပင်များ၏ ဂေဟစနစ်များ ထာဝစဉ်တည်တံ့စေနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

# ဒဂုံပေါ့အသင်းက ရာမညယူနိုက်တက်အသင်းအား ငါးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ




**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၉) အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃နာရီခွဲက ဒဂုံပေါ့အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဒဂုံပေါ့အသင်းက ရာမညယူနိုက်တက် အသင်းအား ငါးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဒဂုံပေါ့အသင်းအတွက် သွင်းဂိုးငါးဂိုးကို ပွဲချိန် ၁၃မိနစ်၊ ၃၄ မိနစ်၊ ၆၉မိနစ်တွင် မစ်ချယ်၊ ပွဲချိန် ၂၉မိနစ်နှင့် ၃၆မိနစ်တွင် ရာဇာအောင်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဒဂုံပေါ့အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ ပွဲစဉ်တွင် AYA Pay Man of the Match အကောင်းဆုံးကစားသမားဆုကို မစ်ချယ်က ဆွတ်ခူးခဲ့သည်။

ဒဂုံပေါ့အသင်းသည် မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၉)ပွဲ ကစားအပြီးတွင် ရမှတ် ၁၆မှတ်ဖြင့် အဆင့် (၁၁)နေရာတွင် ရပ်တည်လျက်ရှိသည်။

အခြားပွဲစဉ်အဖြစ် သစ္စာအားမာန်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ပွဲစဉ်တွင်လည်း ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

**(NGB)**

## လျှပ်စစ်ဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်နိုင်ရေး အသိပညာပေးဆွေးနွေး

**လားရှိုး ဖေဖော်ဝါရီ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးခရိုင်ရုံးနှင့် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်း၍ Online စနစ်ဖြင့် လျှပ်စစ်ဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်နိုင်ရေး အများပြည်သူ အသိပညာပေး(Talk Show) အစီအစဉ်ကို ဖေဖော်ဝါရီ ၂၂ ရက်က ခရိုင်လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမရှိ ဘက်စုံသုံးခန်းမ၌ ရိုက်ကူးတင်ဆက်ခဲ့သည်။ **(အောက်ပုံ)**




ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လားရှိုးခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်ဇင်ဇင်သန့်က လျှပ်စစ်ဘေးအန္တရာယ်နှင့်ပတ်သက်၍ ပြည်သူများ လိုက်နာဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ Online စနစ်ဖြင့် လျှပ်စစ်ဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်နိုင်ရေး အများပြည်သူအသိပညာပေး (Talk Show)ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုးသီရိသွယ်က လျှပ်စစ်ဖြစ်ပွားစေတတ်သည့် အကြောင်းအရင်းများ၊ လျှပ်စစ်ဘေးအတွက် ကြိုတင်ပြင်ဆင်ရန်အချက်များ၊ လျှပ်စစ်လုပ်နေစဉ်တွင် လိုက်နာဆောင်ရွက်ရန်နှင့် ရှောင်ရှားသင့်သည့်အချက်များ၊ လျှပ်စစ်လှုပ်ပြီးနောက် ပြုလုပ်ရန်နှင့် ရှောင်ရှားသင့်သည့်အချက်များ၊ လျှပ်စစ်လှုပ်နေစဉ် အဆောက်အအုံအတွင်းရှိပါက လိုက်နာဆောင်ရွက်ရန်နည်းလမ်းများ၊ အဆောက်အအုံအပြင်တွင် ရှိပါက လိုက်နာဆောင်ရွက်ရန်နည်းလမ်းများနှင့် လျှပ်ပမာဏ ရစ်ချ်တာစကေးအလိုက် သက်ရောက်မှုရှိနိုင်ခြေများ စသည့် အကြောင်းအရာများကို အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **လှမော်(ပြန်/ဆက်)**

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဆောင်ရွက်

**မန္တလေး ဖေဖော်ဝါရီ ၂၆**

မန္တလေး၊ ချမ်းအေးသာစံ မြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးညီထွေးဦး ဦးဆောင်၍ မီးဘေးအန္တရာယ်များ ကျရောက်မှုမရှိစေရန်နှင့် အများပြည်သူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူးက ကလေးဆေးရုံကြီးရှိ ဆေးရုံအုပ်ကြီးနှင့် သူနာပြုဆရာမများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ဆောင်ရွက်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းလုပ်ငန်းများကို သရုပ်ပြဆောင်ရွက်ခဲ့ကြသည်။



အဆိုပါ အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြခြင်းအခမ်းအနားသို့ ချမ်းအေးသာစံမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ၊ သန္ဓေ၊ အရန်တပ်ဖွဲ့ဝင်များ၊ ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံအုပ်ကြီး လာမာမီးနှင့် သူနာပြု ဆရာ၊ဆရာမများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ချမ်းမြေ့မောင်**



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းများ ဆောင်ရွက်

**ပုဗ္ဗသီရိ ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်ရှိ နေပြည်တော် ပုဗ္ဗသီရိဈေး မီးဘေးလုံခြုံရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် နေပြည်တော်တိုင်းမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမြတ်သီဟ ဦးဆောင်မှုဖြင့် ဥတ္တရခရိုင် မီးသတ်ဦးစီးမှူး ဦးစိုးသက်နောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးညီညီဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ပုဗ္ဗသီရိဈေးတာဝန်ခံနှင့် ဈေးစည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များက ဈေးသူ၊ ဈေးသားများအား ဆိုင်ခန်းများအတွင်း ပစ္စည်းများကို ဂိုထောင်သဖွယ် သိုလှောင်ထားရှိခြင်း မပြုလုပ်ရန်၊ ဈေးပိတ်သိမ်းပါက လျှပ်စစ်မီးများအား ခလုတ်ပိတ်၊ ပလပ်ဖြုတ်ခြင်းများ ဆောင်ရွက်သွားကြရန်၊ ဈေးအနီးရှိ ရေသိုလှောင်ကန်အား ရေအသင့် ဖြည့်တင်းထားရှိရန်နှင့် မီးသတ်ဆေးဘူးများအား လက်တွေ့ကိုင်တွယ် အသုံးချနည်း စနစ်များကို အသိပညာပေးပြောကြားခဲ့ပြီး အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များနှင့် မီးသတိပေးပါရှိသည့် လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**အောင်ကို(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

## ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**ဟိုပုံး ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ စုစုပေါင်း ဘိန်းစိုက်ခင်း ၃၄ ဧကခန့်အား ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ အထိ ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ်၊ ဟွေ့ဟေး ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၇ ဧကခန့်အား လည်းကောင်း၊ အလားတူ နံနက် ၉ နာရီ ၃၅ မိနစ်မှ မွန်းလွဲ ၃ နာရီအထိ ပင်လောင်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ်၊ ပင်မွန်းမြောက်ကျေးရွာ အနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၃ ဧကခန့်အား လည်းကောင်း၊ ထို့အတူ နံနက် ၉ နာရီ မိနစ် ၄၀ မှ ညနေ ၄ နာရီ ၅၅ မိနစ်အထိ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ်၊ ပုံဆွေပင်ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၄ ဧကခန့်အား လည်းကောင်း အသီးသီးဖျက်ဆီးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## လိုင်စင်မဲ့ မော်တော်ယာဉ် နှစ်စီး ဖမ်းဆီးအရေးယူ

**ပခုက္ကူ ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ် နှစ်စီး ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၃ နာရီ မိနစ်၂၀ တွင် မကွေးတိုင်းဒေသကြီး၊ အမှတ်(၁၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ပခုက္ကူမြို့နယ်၊ အမှတ်(၁၅)ရပ်ကွက် မြို့မလမ်းနှင့် အထွတ္တဝါလမ်းထောင့်၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မြို့မလမ်းအတိုင်း အနောက်မှ အရှေ့သို့ အမှတ်(၁၃)ရပ်ကွက်နေ တင့်ဆွေ(၃၉)နှစ် ဆိုသူ မောင်းနှင်လာသည့် HIJET အဖြူရောင် မော်တော်ယာဉ်နှင့် အမှတ်(၉)ရပ်ကွက်နေ အောင်လတ်ဖြိုး(၃၆)နှစ်ဆိုသူ မောင်းနှင်လာသည့် HIJET အဖြူရောင် မော်တော်ယာဉ်တို့အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်များနှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် တင့်ဆွေ ဆိုသူအား ပခုက္ကူမြို့မရဲစခန်းမှလည်းကောင်း၊ အောင်လတ်ဖြိုး ဆိုသူအား ပခုက္ကူမြို့မရဲစခန်းမှလည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

### ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်း ယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ)ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝဖြတ်မမောင်းရ၊ မစီးရ။

မန္တလေးတိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

# ကျွန်တော်နှင့်....MESC (အပိုင်း-၄)

**DE ဦးသန်းမြင့်ရေ……**

ကျွန်တော်တို့လျှပ်စစ်ဓာတ်အား(electrical power) ထုတ်လုပ်တဲ့နည်းလမ်းတွေကတော့ ကိုရာဇာကြားဖူးသမျှဟာဆိုရင် လေအားလျှပ်စစ်(wind turbine)တွေက ထုတ်တယ်။ နောက်ပြီးကျတော့ ပင်လယ်ရေလှိုင်းတွေက ထုတ်တယ်။ နောက် မြေအောက်အပူတွေကနေ ထုတ်တယ်လို့လည်း သိရှိရတယ်။ အဲ့ဒါအပြင် ရေအားလျှပ်စစ်၊ ဆိုလာသုံးစနစ်နဲ့ဓာတ်အားပေးစက်ရုံတွေ၊ နောက် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတွေ၊ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံတွေနဲ့ LNG သုံး ဓာတ်အားပေးစက်ရုံများလည်းရှိပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာတော့ နောက်ဆုံး ငါးမျိုးကိုပဲ အများဆုံးအသုံးပြုကြပါတယ်။

**DE ဦးသန်းမြင့်ရေ……**

မြန်မာနိုင်ငံမှာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေအနေနဲ့ (၃၂)ရုံ၊ ဆိုလာစနစ်သုံးဓာတ်အားပေးစက်ရုံ (၁၂)ရုံ၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ(၂၂)ရုံ၊ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ နှစ်ရုံ၊ LNG သုံးဓာတ်အားပေးစက်ရုံနှစ်ရုံရှိတယ်လို့ သိရပါတယ်။ ဒါကြောင့်မလို့ ဒီစက်ရုံအလုပ်ရုံစုစုပေါင်း (၇၀)ကနေပြီးတော့ တပ်ဆင်မဂ္ဂါဝပ်အနေနဲ့ ၆၇၂၇ ရှိပါတယ်။ လက်ရှိထုတ်လုပ်နေတာတော့ အဲ့ဒီထဲက ၃၇၆၇ မဂ္ဂါဝပ်ထုတ်လုပ်နေကြောင်း တင်ပြအပ်ပါတယ်။

DE ဦးသန်းမြင့်ရေ……

အဲ့ဒီငါးမျိုးထုတ်လုပ်တဲ့အထဲမှာ ကျွန်တော်တို့စုစုပေါင်းထုတ်လုပ်မှုရဲ့ ရေအားလျှပ်စစ်ဟာဆိုရင် ၄၈% ရှိတယ်လို့သိရပါတယ်။ သဘာဝဓာတ်ငွေ့ကနေထုတ်တာက ၃၈%ရှိပါတယ်။ နောက်တစ်ခါ ကျောက်မီးသွေးကနေထုတ်တာကတော့ ၂% - ၃% ရှိတယ်လို့ သိရပါတယ်။ နောက် ဆိုလာစနစ်သုံးဓာတ်အားပေးစက်ရုံတွေကတော့ ၄% လောက်ရှိတယ်လို့သိရပါတယ်။ LNG သုံး ဓာတ်အားပေးစက်ရုံတွေကတော့ ၈% လောက်ရှိတယ်လို့ အကြမ်းဖျင်းခန့်မှန်းလို့ရပါတယ်ခင်ဗျာ။

**DE ဦးသန်းမြင့်ရေ……**

ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးမှာ ရေအားလျှပ်စစ်သုံးဓာတ်အားပေးစက်ရုံ သုံးခုရှိပါတယ်။ အဲ့ဒါကတော့

၁။ ရဲရွာဓာတ်အားပေးစက်ရုံ

၂။ ကင်းတားဓာတ်အားပေးစက်ရုံ

၃။ ဆည်တော်ကြီးဓာတ်အားပေးစက်ရုံ တို့ရှိကြပါတယ်။ အဲ့သုံးခုရဲ့ တပ်ဆင်အင်အားက ၈၇၁ မဂ္ဂါဝပ်ရှိပြီး လောလောဆယ်တော့ ၄၆၇ မဂ္ဂါဝပ် ထုတ်လုပ်လျက်ရှိပါတယ်။

အဲ့လိုပဲ မန္တလေးတိုင်းဒေသကြီးမှာ ကျွန်တော်တို့သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတွေ သုံးခုရှိပါတယ်။

၁။ မြင်းခြံမှာရှိတဲ့ Sembcorp စက်ရုံ

၂။ မြင်းခြံမှာရှိတဲ့ V-power စက်ရုံ

၃။ ကျောက်ဆည်မှာရှိတဲ့ Power gen- စက်ရုံရယ်ကနေ တပ်ဆင်အင်အား ၄၆၉ မဂ္ဂါဝပ်ရှိပါတယ်။ လောလောဆယ်တော့ ၄၂၇ ထုတ်လုပ်နေပါတယ်။

**DE ဦးသန်းမြင့်ရေ……**

မန္တလေးတိုင်းဒေသကြီးမှာ ကျွန်တော်တို့ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာဓာတ်အားပေးစက်ရုံတွေကတော့

၁။ သပြေဝဓာတ်အားပေးစက်ရုံ(၁)

၂။ သပြေဝဓာတ်အားပေးစက်ရုံ(၂)

၃။ သာစည်ဆိုလာဓာတ်အားပေးစက်ရုံ

၄။ တောင်တော်ကွင်းဆိုလာဓာတ်အားပေးစက်ရုံ

၅။ ကင်းတားဆိုလာဓာတ်အားပေးစက်ရုံ စသည်ဖြင့် ငါးနေရာကနေပြီး ၁၄၀ မဂ္ဂါဝပ် ထုတ်လုပ်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်ခင်ဗျာ။

**DE ဦးသန်းမြင့်ရေ……**

မန္တလေးတိုင်းဒေသကြီးမှာဆောင်ရွက်ဆဲအနေနဲ့ ဆိုလာဓာတ်အားပေးစက်ရုံတွေကို ရှစ်နေရာခန့် ဆောင်ရွက်ဆဲရှိပါတယ်။ ဒီရှစ်နေရာ လုပ်ငန်းတွေ အားလုံးပြီးစီးပြီးတော့ ၁၀၀% ပြီးစီးတဲ့အချိန်မှာ ၄၉၀ မဂ္ဂါဝပ် ထပ်မံထွက်ရှိလာမှာဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။ နောက်တစ်ခါ မန္တလေးတိုင်းဒေသကြီးမှာ wind turbine နဲ့ ပုပ္ပါးမှာ မဂ္ဂါဝပ် ၂၀၀၊ နောက်တစ်ခါ wind turbine နဲ့ ရမည်းသင်းမှာ မဂ္ဂါဝပ် (၃၀၀)၊ စုစုပေါင်း (၅၀၀) အတွက်ကိုလည်း ကျွန်တော်တို့က FS (feasibility Study) တွေနဲ့ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရပါတယ်ခင်ဗျာ။

## ရွှေဇင်(Natural Resources)

**DE ဦးသန်းမြင့်ရေ……**

မန္တလေးတိုင်းဒေသကြီးမှာ ကျွန်တော်တို့ဆိုလာတွေကို Roof Top ဆိုလာအနေနဲ့အလုံးရေ ၂၃၆၃ တပ်ဆင်ထားပါတယ်။ Ground mounted အနေနဲ့ကတော့ ၂၃၆ လုံးတပ်ဆင်ထားပါတယ်။ နောက်မြစ်ရေတင် ဆိုလာတပ်ဆင်ထားတာကတော့ ၃၂ ခုရှိပါတယ်။ စုစုပေါင်းတပ်ဆင်ထားတဲ့အရေအတွက်ဟာ ၂၅၃၁ ခုရှိပြီးတော့ အဲ့ဒီ ၂၅၃၁ ခု အရေအတွက်ကနေ ထုတ်လုပ်တဲ့ မဂ္ဂါဝပ်ဟာ ၁၆.၄၀၁ ဖြစ်ကြောင်းလည်းတင်ပြအပ်ပါတယ်။

**DE ဦးသန်းမြင့်ရေ……**

ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးဟာ အကျယ်အဝန်း ၁၁၉၂၅.၉၆ စတုရန်းမိုင်ရှိပြီး အိမ်ထောင်စုပေါင်း ၁၃၁၃၁၁၉ စု ရှိတယ်။ အဲ့ဒီထဲမှာ မီးလင်းပြီးကျေးရွာတွေက ၄၅၆၄ ရွာရှိပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာ မန္တလေးစက်မှုဇုန်ရှိတယ်၊ မိတ္ထီလာစက်မှုဇုန်ရှိတယ်၊ မြင်းခြံစက်မှုဇုန်ရှိတယ်၊ နောက်တစ်ခါ မြို့သာစက်မှုဇုန်ရှိတယ်။ အဲ့ဒီမှာ သူတို့စက်မှုဇုန်လေးခုရဲ့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ဟာ စုစုပေါင်း ၅၆ မဂ္ဂါဝပ်ဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်ခင်ဗျာ။ မန္တလေးတိုင်းဒေသကြီးမှာ အသုံးပြုတဲ့ မဂ္ဂါဝပ်ကတော့ ၄၁၃ မဂ္ဂါဝပ် ပတ်ဝန်းကျင်သုံးစွဲလျက်ရှိပါတယ်။ အဲ့ဒီလို စက်ရုံ၊ အလုပ်ရုံတွေကို လျှပ်စစ်ဓာတ်တွေ အများကြီးပေးရင် အဲ့ဒီစက်ရုံ၊ အလုပ်ရုံတွေမှာ အသုံးပြုနေရတဲ့ ဒီဇယ်တွေ ဓာတ်ဆီတွေကို ဝယ်ရတဲ့ နိုင်ငံခြားသုံးငွေတွေကိုလျှော့ချစေနိုင်မှာဖြစ်တယ်။ နောက်တစ်ခါ လျှပ်စစ်ဓာတ်အားတွေ များများအသုံးပြုပြီးတော့ လျှပ်စစ်သုံးဆိုင်ကယ်တွေ၊ EV ကား(electronic vehicle)တွေ၊ လျှပ်စစ်သုံးမော်တော်ယာဉ်တွေ များများအသုံးပြုခြင်းအားဖြင့် သာမန်ယာဉ်တွေအများစုမှာ အသုံးပြုနေတဲ့ စက်သုံးဆီတွေ နိုင်ငံခြားကနေ တင်သွင်းမှုလျော့ကျလာနိုင်ပါတယ်ခင်ဗျာ။ ဒါ့အပြင် လျှပ်စစ်ဓာတ်အားဟာဆိုရင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရေးကြီးတဲ့ အခန်းကဏ္ဍကနေ ပါဝင်နေတဲ့အတွက် လျှပ်စစ်ဓာတ်အားကို နည်းအမျိုးမျိုးနဲ့ ထုတ်လုပ်ဖို့ ကြိုးစားလျက်ရှိကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျာ။

---

## ဧရာဝတီမြစ်ကမ်းနားတစ်လျှောက် သန့်ရှင်းသာယာလှပစေရေးနှင့် အမှိုက်များ စွန့်ပစ်မှုမရှိစေရေး ဆောင်ရွက်

**မင်းဘူး ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၌ ဧရာဝတီမြစ်ကမ်းနား တစ်လျှောက်သန့်ရှင်းသာယာလှပစေရေးနှင့် အမှိုက်များ စွန့်ပစ်မှုမရှိစေရေး အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက မင်းဘူးမြို့ အမှတ်(၃)ရပ်ကွက်ရှိ ဧရာဝတီမြစ်ကမ်းနားတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် တာဝန်ရှိသူများ ဦးဆောင်ပြီး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့် ရပ်ကွက်အတွင်းရှိ ဒေသခံများက ဧရာဝတီမြစ်ကမ်းနားတစ်လျှောက် သန့်ရှင်းသာယာလှပစေရေးနှင့် အမှိုက်များ စွန့်ပစ်မှုမရှိစေရေးအတွက် ဧရာဝတီမြစ်ကမ်းနားရှိ ရေယာဉ်များ၊ လူနေအိမ်များနှင့် ဈေးဆိုင်များတွင် အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်(ကြွပ်ကြွပ်အိတ်)အမှိုက်များအား စနစ်တကျ ခွဲခြားစွန့်ပစ်စေရေး အသိပညာပေး ဗီနိုင်းပိုစတာများကပ်ခြင်း၊ ဧရာဝတီမြစ်ကမ်းနားလမ်းတစ်လျှောက် လူစည်ကားရာနေရာများတွင် အမှိုက်ပုံးများထားရှိ၍ စုပေါင်းအမှိုက်ကောက်ခြင်းများ ဝိုင်းဝန်းဆောင်ရွက်ကာ ပလတ်စတစ်ညစ်ညမ်းမှု၊ ရေချိုရှားပါးမှုအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။ **(အောက်ဝဲပုံ)**

အဆိုပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို မင်းဘူးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ ဦးဆောင်ပြီး ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက မြို့ပေါ်ရပ်ကွက်များနှင့် ဧရာဝတီမြစ်ကမ်းနားလမ်းတစ်လျှောက်တို့တွင် လစဉ်စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**မောင်မောင်(မင်းဘူး)**



## မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေးအတွက် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ခြင်း ဆောင်ရွက်

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်စေရန် ရည်ရွယ်၍ ပန်ထွာစင်တာဝန်ထမ်းများအား မီးဘေးလုံခြုံရေး လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြလေ့ကျင့်ခြင်းကို ယမန်နေ့နံနက် ၈ နာရီက ပန်ထွာစင်တာရှေ့ကွင်းပြင်၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးလုံခြုံရေးလက်တွေ့ မီးငြိမ်းသတ်နည်းသရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးစောမောင် ဦးဆောင်၍ သန္တေတပ်ဖွဲ့ဝင်ငါးဦးမှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မြတ်နှင့် ဝန်ထမ်းများအား မီးသတ်ဦးစီးဌာန၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်တာဝန်ကြီး လေးရပ်၊ မီးဘေးအန္တရာယ်ကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် ကြိုတင်ကာကွယ်ရမည့်အချက်များ၊ မီးသတ်ဆေးဘူး၏ အချက်အလက်များနှင့် အသုံးပြုပုံတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ကိုယ်တိုင်မီးငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်နည်းဓာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**နောင်နောင်(ဗိဿနိုးမြေ)**

---

တံတားနှင့် လမ်း၊ ဆေးခန်းနှင့် ကျောင်း၊ ဆည်မြောင်းနှင့် ကန်၊

သစ်ပင်ရုံမှ သဏ္ဌာန်လှပ ပန်းရလိမ့်။

## ကြက်သွန်နီဧက ထက်ဝက်ကျော် နုတ်သိမ်းပြီးဖြစ်

**ဘုတလင် ဖေဖော်ဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက် ကြက်သွန်နီဧက ထက်ဝက်ကျော် နုတ်သိမ်းပြီးဖြစ်သည်။

ဘုတလင်မြို့နယ်တွင် ကြက်သွန်နီ ဧက ၃၃၀၀ ကျော်အထိ စိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ထားသော ကြက်သွန်နီစိုက်ခင်းများကို ဇန်နဝါရီ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယခု ဖေဖော်ဝါရီလ လယ်တွင် ဧက ၁၅၀၀ ကျော် ရိတ်သိမ်းပြီးဖြစ်သည်။

"ကြက်သွန်နီကို လျာထားတဲ့ ဧကထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောသည်။

ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကြက်သွန်နီစိုက်တောင်သူများကို ဈေးကွက်ချိတ်ဆက်မှုများဆောင်ရွက်ပေးခဲ့ပြီး ကြက်သွန်နီကြာရှည်အထားခံနိုင်ရန် နည်းပညာများ မျှဝေပေးခဲ့သည်။

ထို့အပြင် GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ပြီး အရည်အသွေးကောင်းသော ကြက်သွန်နီများရရှိရန် အနီးကပ်ကြပ်မတ်ဆောင်ရွက်ပေးခဲ့သည်။

ကြက်သွန်နီစိုက်တောင်သူများအနေဖြင့် တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ၁၀သိန်းခန့် ကုန်ကျပြီး တစ်ဧကလျှင် ပိဿာ ၅၀၀၀ ခန့်ထွက်ရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြက်သွန်နီများကို မုံရွာ၊ ယင်းမာပင်၊ ချောင်းဦး၊ ရွှေဘို၊ မြင်းမူမြို့နယ်များတွင် အများဆုံးစိုက်ပျိုးကြပြီး ကြက်သွန်နီအထွက်တိုးရန် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဖူလုံရုံသာမက ပိုလျှံသည်များကို ရောင်းချနိုင်သည့်အတွက် ဝင်ငွေများရသဖြင့် ကြက်သွန်နီ စိုက်သင့်ကြောင်း စိုက်ပျိုးပညာကျွမ်းကျင်သူများထံမှ သိရသည်။ **(အပေါ်ပုံ)**

**(၃၉၄)**



## မြေနိမ့်ဒေသစိုက် ရိုဘတ်စတာကော်ဖီပျိုးပင်များ ဖြစ်ထွန်းအောင်မြင်နေမှု ကြည့်ရှုစစ်ဆေး

**မိုင်းယောင်း ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် ယမန်နေ့ မွန်းလွဲ ၂ နာရီက အမှတ်(၉)ရပ်ကွက်ရှိ မြေနိမ့်ဒေသစိုက် ရိုဘတ်စတာကော်ဖီပျိုးပင်များ ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးသည် မြေနိမ့်ဒေသစိုက် ရိုဘတ်စတာကော်ဖီ ၂၈ ဧက စိုက်ပျိုးနိုင်ရေးအတွက် ရိုဘတ်စတာ ကော်ဖီပျိုးပင်များ ဖြစ်ထွန်းအောင်မြင်နေမှုနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဟင်းသီးဟင်းရွက် စိုက်ခင်းစိုက်ပျိုးထားရှိမှုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်မျိုးအေးချိုနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာနရုံးတွင် ပျိုးပင်များ ပျိုးထောင်ထားရှိမှုအခြေအနေအား ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ပြည်သူ့ဆေးရုံ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အမှုထမ်းတစ်ဦး၏ခင်ပွန်း ဆေးရုံတက်ရောက်၍ ဆေးကုသခံယူနေမှုကို သွားရောက်ကြည့်ရှုပြီး အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**(၅၀၅)**



## ပလတ်စတစ်အိတ် လျှော့ချသုံးစွဲရေးနှင့် အစားထိုးအသုံးပြုရန် Recycle Bag အိတ်များ အခမဲ့ဖြန့်ဝေပေး

**ကန့်ဘလူ ဖေဖော်ဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့မဈေး၌ ပလတ်စတစ်အိတ် လျှော့ချသုံးစွဲနိုင်ရေးအတွက် ဈေးရောင်းချသူများအား Recycle Bag အိတ်များ အခမဲ့ဖြန့်ဝေပေးခြင်းကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဈေးတာဝန်ရှိသူများနှင့် ပူးပေါင်းအဖွဲ့များက ဈေးရောင်းချသူများအား ပလတ်စတစ်အိတ် လျှော့ချသုံးစွဲနိုင်ရေးအတွက် Recycle Bag အိတ်များကို ဖြန့်ဝေပေးခဲ့ပြီး သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို ထိန်းသိမ်းရန်၊ သက်ရှိများ၏ ဂေဟစနစ်များနှင့် လူတို့၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရန်အတွက် လူတစ်ဦးချင်းအနေဖြင့် ပလတ်စတစ်အိတ် အသုံးပြုမှု၊ စွန့်ပစ်မှုများကို လျှော့ချခြင်းဖြင့် ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် ပလတ်စတစ်အိတ်သုံးစွဲမှုအစား သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသည့် ထုပ်ပိုးပစ္စည်းများကို ပြောင်းလဲသုံးစွဲကြရန် ဆွေးနွေးပြောကြားသည်။ **(ဝဲပုံ)**

ထို့ပြင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများက ဈေးသူ၊ ဈေးသားများ၊ ဈေးဝယ်လာသူ ပြည်သူများအား "ပတ်ဝန်းကျင်သာယာလှပစေဖို့ ပလတ်စတစ်အမှိုက် ကင်းစင်ရေးဆောင်ရွက်စို့" အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

**သန့်ရှင်းသာယာ မန္တလာ ပိုင်းဝန်းထိန်းသိမ်းပါ။**

## ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံကြံ့ခိုင်ရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ အနောက်ဘက်အခြမ်းတွင် ဓာတ်အားဖြန့်ဖြူးပေးထားသော 33KV သပြေ-အောင်ဆန်း ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံ ကြံ့ခိုင်ရေးနှင့်သန့်ရှင်းရေးလုပ်ငန်းများကို ယမန်နေ့က ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။



မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မိတ္ထီလာမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလင်းကိုကို ဦးဆောင်သော လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက မိတ္ထီလာမြို့အနောက်ဘက်ခြမ်းတွင် ဓာတ်အားဖြန့်ဖြူးပေးထားသော 33KV သပြေ-အောင်ဆန်း ဓာတ်အားလိုင်းအား ဓာတ်အားပိတ် (Shutdown) ပြုလုပ်၍ ဓာတ်အားလိုင်းနှင့်နှင့်ဓာတ်အားခွဲရုံ ကြံ့ခိုင်ရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်များခုတ်ခြင်း၊ အောင်ဆန်းဓာတ်အားခွဲရုံရှိ Transformer Tightening ပြုလုပ်ခြင်း၊ Control Panel များနှင့် Battery Room များအား သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(၄၆၉)**

## လက်ပံချည်ပေါ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျှော့ကျစေရန် ရည်ရွယ်၍ လက်ပံချည်ပေါ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာန ဒုတိယဦးစီးမှူး ဒေါ်လှကြူနွဲ့နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက လက်ပံချည်ပေါ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၀ ဒသမ ၆ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒုတိယဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ လက်ပံချည်ပေါ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၄ ဦးကို ငွေကျပ် ၃၇ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၂ ဦးကို ငွေကျပ် ၂၀ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၂ ဒသမ ၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၃ ဦးကို ရန်ပုံငွေကျပ် ၆၀ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**(ဝဲပုံ)**

**(၄၄၅)**



## မြဇေယျာကုသိုလ်ဖြစ်ဆေးခန်း(၁၀)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၆**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ မဟာဝိဇိတာရာမတိုက်၊ စစ်ကိုင်းပရိယတ္တိကျောင်းတွင် ကုသိုလ်ဖြစ်ဆေးခန်း၏နာယက ချမ်းမြေ့အေးကျောင်းဆရာတော်၊ ခေမာရာမညောင်ရမ်းကျောင်း ဆရာတော်၊ စစ်ကိုင်းကျောင်း ဆရာတော်များ တည်ထောင်ဖွင့်လှစ်ထားသော မြဇေယျာကုသိုလ်ဖြစ်ဆေးခန်း၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ်ကို ယမန်နေ့ နံနက် ၈ နာရီက အဆိုပါဆေးခန်း၌ ကျင်းပရာ ဇောတိကုန်း ပရိယတ္တိကျောင်း ဆရာတော် အမှူးပြုသော သံဃာတော်အပါး ၁၀၀ နှင့် သီလရှင်ဆရာလေးအပါး ၂၀ ကြွရောက်ချီးမြှင့်တော်မူကြပြီး မြဇေယျာကုသိုလ်ဖြစ်ဆေးခန်း ထာဝရဆေးအလှူရှင်၊ ဓမ္မပူဇာအလှူရှင်များ၊ အလှူရှင်များ၊ ဆေးခန်းအကျိုးတော်ဆောင်များ ဆေးခန်းသို့ လာရောက်ပြသကုသမှုခံယူကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရွှေဦးစွာ ဧည့်ပရိသတ်တို့က ဇောတိကုန်း ပရိယတ္တိကျောင်း ဆရာတော်နှင့် ပင့်သံဃာအပါး ၁၀၀ တို့ ရွတ်ပွားသောပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး သံဃာတော်များ၊ သီလရှင်ဆရာလေးများအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အလှူရှင်များ က ပင့်ဖိတ်ထားသော ဆရာ တော်၊ သံဃာတော် အပါး ၁၀၀ နှင့် ကျောင်းရှိသံဃာတော်များ၊ သီလရှင်ဆရာလေး အပါး ၂၀ အား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လောင်းလှူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက် မြဇေယျာကုသိုလ်ဖြစ် ဆေးခန်း (၁၀)နှစ်ပြည့် အထိမ်းအမှတ် အဖြစ် လေးပြင်လေးရပ်မှ လူပုဂ္ဂိုလ်အပေါင်းတို့အား စတုဒိသာ နံနက်စာထမင်းနှင့်ဟင်းများဖြင့် ကုသိုလ်ယူကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၀၅၃)

## ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၂၆**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်ကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန် ဆွမ်းပဒေသာပင် အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရွှေဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသဝ (ဓမ္မာစရိယ၊ B.A)ဟောကြားချီးမြှင့်သော ရေစက်ချအနုမောဒနာတရားကို နာယူကြည်ညိုကြပြီး




ဖခင်ကြီး ဦးရွှေ၊ မိခင်ကြီး ဒေါ်မြစိန်တို့အား ရည်စူး၍ ဒေါ်လှလှမြိုင်(ကျားဝါငါးကောင် အချိုခြောက်) မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ်သိန်း ၂၀၊ ဖြည့်စွက်လှူဒါန်း ငွေကျပ်သိန်း ၂၀၊ စုစုပေါင်း ငွေကျပ်သိန်း ၄၀ ကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာယကအဖွဲ့ဝင် ဦးလှက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်၍ အဆိုပါ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဝဲပုံ) PNT**

## မဟာအောင်မြေခရိုင် အိမ်ခြံမြေအကျိုးဆောင်များ အသင်းရုံးခန်းသစ်ဖွင့်လှစ်



**မန္တလေး ဖေဖော်ဝါရီ ၂၆**

အိမ်ခြံမြေလုပ်ငန်းများတွင် လုပ်ကိုင်ရာတွင် သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာပြီး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မဟာအောင်မြေခရိုင် အိမ်ခြံမြေအကျိုးဆောင်များအသင်းရုံးခန်းသစ်ကို ဖေဖော်ဝါရီ ၂၅ ရက်က လမ်း ၃၀နှင့် ၃၁လမ်းကြား၊ ၅၉ဘီလမ်းတွင် ဖွင့်လှစ်ခဲ့သည်။

အိမ်ခြံမြေလုပ်ငန်းသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်ပြီး ပြည် သူများ လူနေမှုဘဝအဆင့်မြှင့်တင်ရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးတွင် တိုက်ရိုက်သက်ဆိုင်လျက်ရှိကြောင်း၊ ထို့အတွက် စနစ်တကျစည်းကမ်းရှိစွာဖြင့် အိမ်ခြံမြေလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန်အတွက် ယခုကဲ့သို့ ရုံးခန်းကိုဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

"အသင်းအနေနဲ့ ပွင့်လင်းမြင်သာမှု၊တာဝန်ယူမှု၊ ယုံကြည်စိတ်ချရမှုတွေကို အခြေခံထားပြီးတော့ ပြည်သူများအတွက် အကျိုးရှိစေမဲ့ အိမ်ခြံမြေလုပ်ငန်းပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးနိုင်ဖို့ ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သက်ဆိုင်ရာဌာနတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု မဟာအောင်မြေခရိုင် အိမ်ခြံမြေအကျိုးဆောင်များအသင်းဥက္ကဋ္ဌ ဒေါ်ယုယုဇော်က ပြောသည်။

အသင်းအနေဖြင့် အသင်းဝင်များအကြား ဆယ်သွယ်ပူးပေါင်းမှု တိုးမြင့်ရန်၊ လုပ်ငန်းဆိုင်ရာ အသိပညာ အတတ်ပညာနှင့် သတင်းအချက်အလက်များ မျှဝေရန်နှင့် ဥပဒေနှင့်အညီစနစ်တကျ လုပ်ကိုင်ဆောင်ရွက်ရန် စသည့်တို့ကို အခြေခံဗဟိုချက်တစ်ခုအဖြစ်ထားရှိကာ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုဖွင့်လှစ်ခဲ့သော ရုံးခန်းဖွင့်ပွဲတွင် မဟာအောင်မြေခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်၊ မြန်မာနိုင်ငံ အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်ရေးအသင်း(MR-PDA) ဗဟိုဒုဥက္ကဋ္ဌ(၁)ဦးဝဏ္ဏစိုး၊ မြန်မာနိုင်ငံ အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်ရေးအသင်း(MRPDA) အထွေထွေအတွင်းရေးမှူး ဒေါ်လွှင်လွှင်မေယု အထွေထွေအကျိုးဆောင်လုပ်ငန်းဒါရိုက်တာ ဦးကျော်ကျော်နှင့် အသင်းအဖွဲ့များ၏ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၈)**

၀-၀-၀-၀-၀

## ကျောက်ပန်းတောင်းမြို့နယ်၌ ကြက်သွန်မျိုးပန်းများ အောင်မြင်ဖြစ်ထွန်း

**ညောင်ဦး ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၌ ကြက်သွန်နီမျိုးပန်းများ အောင်မြင်ဖြစ်ထွန်းနေကာ ဆွတ်ခူးပြီးချိန် မျိုးစေ့ဈေးနှုန်းကောင်းရရန် မျှော်လင့်နေကြကြောင်း ကြက်သွန်မျိုးပန်းစိုက် တောင်သူများထံမှ သိရသည်။

ကြက်သွန်နီ မျိုးစေ့များကို ရေနံချောင်းမြို့နယ်၊ ဆိပ်ဖြူမြို့နယ်၊ မြင်းခြံမြို့နယ်တို့တွင် အများဆုံးပျိုးထောင်ကာ မျိုးစေ့ရောင်းချကြကြောင်း၊ ဆောင်းကြက်သွန် စိုက်ပျိုးချိန်ဖြစ်သည့် သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် ကြက်သွန်နီမျိုးစေ့များ အရောင်းအဝယ်အဖြစ်များကာ ကြက်သွန်နီမျိုးစေ့ တစ်ပြည်လျှင် ငွေကျပ် တစ်သိန်းမှ ငွေကျပ် တစ်သိန်းခွဲအထိ အရောင်းအဝယ် ဖြစ်ကြသည်။



ကြက်သွန်နီမျိုးစေ့ ပျိုးထောင်ရာတွင် နတ်တော်လ၊ ပြာသိုလတို့တွင် ကြက်သွန်နီဥများ စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီး ရက် ၂၀ ခန့်ကျော်လျှင် စိန်ဖူးတိုင်(ခေါ်)ကြက်သွန်နီပန်းပွင့်များ ထွက်လာကြောင်း၊ ကြက်သွန်နီဥတစ်ဥစိုက်လျှင် ကြက်သွန်ပန်းပွင့်တိုင် တစ်တိုင်မှ ငါးတိုင်အထိ ထွက်ရှိပြီး ကြက်သွန်ပွင့်တစ်တိုင်တွင် မျိုးစေ့မြောက်မြားစွာပါရှိကာ ကြက်သွန်မျိုးစေ့အောင်ချိန်ဖြစ်သည့် တပေါင်းလ၊ တန်ခူးလတို့တွင် ကြက်သွန်ပန်းပွင့်များခူးကာ နေလှန်းထားပြီး ကြက်သွန်နီမျိုးစေ့ထုတ်ယူရသည်။ ကြက်သွန်ပန်းပွင့်များ ရင့်မှည့်ချိန် မိုးမိပါက ပျက်စီးတတ်သဖြင့် မိုးရွာမည့် အရိပ်အယောင်သိလျှင် ချက်ချင်းခူးပြီး မိုးလေလွတ်သည့် နေရာတွင် အခြောက်လှန်းထားရကြောင်း၊ ကျောက်ပန်းတောင်းမြို့နယ် ကြက်သွန်မျိုးပန်းများ အထွက်ကောင်းမွန်နေကာ ဆွတ်ခူးပြီး အစေ့ထုတ်ရောင်းချချိန် ဈေးကောင်းရရန် မျှော်လင့်နေကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၄၈၁)

## ပလတ်စတစ်အိတ်မသုံးစွဲရေးနေ့အဖြစ် သတ်မှတ်ဆောင်ရွက်

**မင်းဘူး ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် ဈေးရောင်း၊ ဈေးဝယ်များအား ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက မင်းဘူးမြို့ မြို့မဈေးကြီးအတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဈေးကော်မတီဝင်များနှင့်အတူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများက မြို့မစည်ပင်သာယာဈေးသို့ သွားရောက်၍ ဈေးရောင်း၊ ဈေးဝယ်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးဖြစ်စေသော ပလတ်စတစ်အိတ်များနှင့် ပလတ်စတစ်ပစ္စည်းများကို သုံးစွဲခြင်းမပြုကြရန်၊ ဈေးဝယ်ရန် လာရောက်သည့်အခါတွင် ပြည်သူများအနေဖြင့် မိမိတို့နေအိမ်မှ ထည့်စရာတစ်ခုခုကို တစ်ပါတည်း ယူဆောင်လာကြရန်၊ ဈေးရောင်းပြီးချိန်တိုင်း သန့်ရှင်းရေးစနစ်တကျဆောင်ရွက်ကြရန် အသိပညာပေးဆွေးနွေးပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့မဈေးအတွင်း၊ အပြင်ရှိ ဈေးရောင်း၊ ဈေးဝယ်သူများကို ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အင်ဖက်၊ ငှက်ပျောဖက်၊ ကြာဖက်၊ စက္ကူတို့ကို လိုက်လံဝေငှပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(၅၀၄)



ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



## ခွေးလှေးယားစေ့၊ အမြစ်

ပန်းနာဖြစ်ပါက ခွေးလှေးယားစေ့အမှုန့်ကို ပျားရည်၊ ထောပတ်နဲ့ရောပြီး လျက်ပေးပါက ပျောက်ကင်းပါတယ်။

သွေးဝမ်းသွားပါက ခွေးလှေးယားမြစ်ရဲ့ အမှုန့်ကို ရေနဲ့သောက်ပေးပါက ပျောက်ကင်းပါတယ်။

ပြင်းထန်သောဝမ်းရောဂါ၊ ကာလဝမ်းရောဂါတွေအတွက် ခွေးလှေးယားမြစ်ကို ငါးပုံ တစ်ပုံကျန်သည်အထိ ပြုတ်ပြီး ပျားရည်နဲ့ သောက်ပေးပါက ပျောက်ကင်းပါတယ်။

ဆီးချုပ်နေပါက ခွေးလှေးယားစေ့ အမှုန့်၊ ငါးရွေးသားခန့်ကို ရေနဲ့သောက်ပေးပါက ပျောက်ကင်းပါတယ်။

သွေးအန်၊ သွေးကျဖြစ်ပါက ခွေးလှေးယားစေ့အနုကို ဟင်းအဖြစ် ကြော်ချက်ချက် စားပေးပါက ပျောက်ကင်းပါတယ်။

ကိုယ်ခန္ဓာပိန်လှီနေပါက ခွေးလှေးယားစေ့ကို ထောပတ်နဲ့ ကြော်ချက်စားပေးပါက ပျောက်ကင်းပြီး သုက်အားလည်း တိုးပွားလာပါလိမ့်မယ်။

ရေဖျဉ်းဖြစ်ပါက ခွေးလှေးယားမြစ်ကို ရေနဲ့သွေး၍ ရေဖျဉ်းရှိနေသော ဗိုက်တွင် လိမ်းပေးပါက ပျောက်ကင်းပါတယ်။

ဆင်ခြေထောက်ရောဂါဖြစ်ပါက ခွေးလှေးယားစေ့၊ အမြစ်မှုန့်တို့ကို ဆီဖြင့်ချက်ပြီးလျှင် အဖတ်များကို စစ်ထုတ်ပြီး ၎င်းဆီကို လိမ်းပေးပါက ပျောက်ကင်းပါတယ်။

ကင်းကိုက်ခံရပါက ခွေးလှေးယားစေ့ကို ရေနဲ့သွေးပြီး ကိုက်သောနေရာကို လိမ်းပေးပါက ပျောက်ကင်းစေပါတယ်။

လေဖြတ်၍ နှုတ်ခမ်းရွဲ့စောင်းခြင်းဖြစ်ပါက ခွေးလှေးယားစေ့ကို အခွံချွတ်ပြီး နွားနို့နဲ့ ကျိုသောက်ပေးပါက ပျောက်ကင်းစေပါတယ်။

ခွေးလှေးယားအမြစ်ကို ရေနဲ့ ငါးပုံတစ်ပုံကျန်သည်အထိပြုတ်၍ သောက်ပေးလျှင် ငန်းဖျား၊ အဖျားလွန်ကဲခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်းတွေ ပျောက်ကင်းပါတယ်။

သားအိမ်လျှောနာဖြစ်ပါက ခွေးလှေးယားမြစ်ကို ရေနဲ့ လေးပုံတစ်ပုံကျန်အောင်ပြုတ်ပြီး ၎င်းပြုတ်ရည်ဖြင့် သားအိမ်ကို ဆေးကြောပေးပါက ပျောက်ကင်းပါတယ်။

သုက်အားနည်းပါက ခွေးလှေးယားစေ့၊ ဆူးလေသီးစေ့နဲ့ သကြားတို့ကို ဆတူရောပြီး အမှုန့်ပြုလုပ်၍ တစ်နေ့လျှင် ခြောက်ပဲသားခန့်သောက်ပေးပါ။

ကာလသားရောဂါဖြစ်ပါက ခွေးလှေးယားစေ့ ၁၂ ပဲသားကို ကြိတ်ပြီး ရေ ၁၂ ကျပ် ၈ ပဲသားနဲ့ နေ့စဉ် ခုနစ်ရက်ဆက်တိုက် သောက်ပေးပါက ပျောက်ကင်းပါတယ်။

အနာအသားနုတက်စေရန် ခွေးလှေးယားစေ့ ၃ ကျပ်သားကို ကြိတ်ပြီး မုန်ညင်းဆီ ၁၂ ကျပ်သားနဲ့ချက်ပြီးလျှင် အဆီကို စစ်ယူ၍ လိမ်းပေးပါက ပျောက်ကင်းပါတယ်။

### သတိပြုရန်

ခွေးလှေးယားအပင်နှင့် အစေ့တို့ဟာ အဆိပ်အတောက်ရှိသောကြောင့် ခွေးလှေးယားစေ့ကို အစိမ်းအတိုင်း မသုံးစွဲသင့်ပါ။ လှော်ခြင်း၊ ပြုတ်ခြင်းဖြင့် အဆိပ်အာနိသင်ကို ဖယ်ရှားပြီးမှသာ အသုံးပြုသင့်ပါတယ်။



## ပဲနံ့သာစေ့

ပဲနံ့သာပင်ဟာ ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်ကာ ဟင်းခတ်အမွှေးအကြိုင်အဖြစ် အသုံးပြုကြပြီး ဆံပင်သန်ဆေးအဖြစ်နဲ့လည်း သုံးစွဲခဲ့ကြပါတယ်။

ပဲနံ့သာစေ့က ဆံပင်တွေကို သန်စွမ်းစေရုံသာမက အခြားကျန်းမာရေးအကျိုးကျေးဇူးတွေလည်း ရှိပါတယ်။ ပဲနံ့သာစေ့ကို ဟင်းလျာတွေထဲမှာ ချက်ပြုတ်ခြင်းဖြင့် ဆီးချိုကို ထိန်းချုပ်ပေးနိုင်ပြီး အရေပြားအတွက်လည်း ကောင်းစေပါတယ်။

ပဲနံ့သာစေ့ကို အနှစ်ဖျော်ပြီး အရေပြားမှာ လူးပေးမယ်ဆိုရင် ရောင်ရမ်းတာကို သက်သာစေပါတယ်။ ဆပ်ပြာတွေနဲ့ အလှကုန်တွေထုတ်လုပ်ရာမှာလည်း အသုံးပြုကြပါတယ်။

ပဲနံ့သာစေ့ အဆီဟာ ဘက်တီးရီးယားတွေကို သေစေနိုင်စွမ်းရှိပြီး ဆီးချိုကိုလည်း သက်သာစေနိုင်တဲ့အပြင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေလည်း ကြွယ်ဝစွာ ပါဝင်နေပါတယ်။ အစားအသောက်တွေချက်ပြုတ်ပြင်ဆင်ရာမှာလည်း အသုံးပြုလို့ရပါတယ်။

ပဲနံ့သာစေ့မှာ အိုမင်းခြင်းကြောင့် အရေပြားပေါ်မှာဖြစ်ပေါ်လာတဲ့ အရေးအကြောင်းတွေကို ဖယ်ရှားပေးခြင်းအပါအဝင် အရေပြားအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းနိုင်ပါတယ်။

ဝက်ခြံတွေကိုလည်း သက်သာပျောက်ကင်းစေနိုင်ပြီး ပဲနံ့သာစေ့အမှုန့်ကို ရေနဲ့ဖျော်ပြီး လိမ်းပေးပါက အရေပြားကို အစိုဓာတ်ထိန်းပေးပြီး ခြောက်သွေ့မှုကင်းစေမှာ ဖြစ်ပါတယ်။

ပဲနံ့သာစေ့ကို အုန်းဆီထဲမှာ စိမ်ပြီး လူးပေးပါက ဆံပင်ကို အမြစ်ကနေ အဖျားအထိ သန်စွမ်းစေနိုင်ပြီး ဆံသားမွေးညင်းပေါက်လေးတွေကို အားဖြည့်ပေးပါတယ်။ ဆံသားကိုလည်း တောက်ပစေပြီး ချောမွေ့စေပါတယ်။

ပဲနံ့သာစေ့ကိုသုံးပြီး ဆံပင်ကို ပေါင်းတင်လို့ရပါတယ်။ ပဲနံ့သာစေ့ကို တစ်ညစိမ်ထားတဲ့အရည်နဲ့ ခေါင်းကို ဆေးပေးမယ်ဆိုရင် ဦးရေပြားခြောက်သွေ့မှုကို ကင်းဝေးစေပြီး ဗောက်တွေကို သက်သာစေပါတယ်။

ပဲနံ့သာစေ့ကို ရေရှည်သုံးစွဲပေးပါက ငယ်ငယ်ရွယ်ရွယ်နဲ့ ဆံပင်ဖြူတာကို လျော့ပါးသက်သာစေပါတယ်။

ပဲနံ့သာစေ့က ဗိုက်ထဲမှာ မအီမသာဖြစ်ခြင်း၊ ဝမ်းချုပ်ခြင်းနဲ့ အစာအိမ်ရောင်ခြင်း၊ အစာခြေစနစ်ဆိုင်ရာပြဿနာတွေကို သက်သာစေပါတယ်။ ပဲနံ့သာစေ့မှာပါတဲ့ ပျော်ဝင်လွယ်တဲ့ အမျှင်ဓာတ်က ဝမ်းမချုပ်အောင် ကာကွယ်ပေးပါတယ်။

အစာခြေစနစ်ကို အစာခြေဖျက်ရာမှာ လွယ်ကူချောမွေ့အောင် အထောက်အကူပြုပေးတဲ့အပြင် ရောင်ရမ်းမှုကိုလည်း တိုက်ဖျက်ပေးနိုင်တဲ့ အာနိသင်ရှိပါတယ်။

ပဲနံ့သာစေ့က ခန္ဓာကိုယ်တွင်းမှာ ဖြစ်တတ်တဲ့ ရောင်ရမ်းမှုတွေဖြစ်ကြသော ပါးစပ်နာ၊ ချောင်းဆိုး၊ ရင်ကြပ်နာ၊ ကျောက်ကပ်ရောင်ရမ်းခြင်းတွေကို လျော့ပါးသက်သာစေနိုင်စွမ်းရှိပါတယ်။

### သတိပြုရန်

ကိုယ်ဝန်ဆောင်မိခင်များအနေနဲ့ ပဲနံ့သာစေ့ကို အလွန်အကျွံစားသုံးမိပါက လမစေ့ဘဲ ကလေးမွေးဖွားတာမျိုးဖြစ်နိုင်လို့ ရှောင်ကြဉ်သင့်ပါတယ်။

နို့တိုက်မိခင်တွေအနေနဲ့ အတန်အသင့်စားသုံးပေးလို့ရပါတယ်။ ကလေးငယ်တွေအနေနဲ့ ပဲနံ့သာစေ့ကို (လုံးဝ)မစားသုံးသင့်ပါဘူး။

ဓာတ်မတည့်သူတွေအနေနဲ့ ပဲနံ့သာစေ့ကို (လုံးဝ)မစားသုံးသင့်ပါဘူး။

ပဲနံ့သာစေ့က သွေးတွင်းသကြားဓာတ်အပေါ်မှာ သက်ရောက်မှုရှိသောကြောင့် ဆီးချိုဆေးသောက်နေရသူတွေအနေနဲ့ အလွန်အကျွံမစားသုံးသင့်ပါဘူး။



## စိမ်းစားဥ

ဆီးချိုဝေဒနာရှင်တွေအတွက် စိမ်းစားဥဟာ အလွန်သင့်လျော်ပြီး ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အစားအစာဖြစ်ပါတယ်။ ၎င်းတွင် ပါဝင်သော အာဟာရဓာတ်များက သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးရာမှာ များစွာအထောက်အကူပြုပါတယ်။

စိမ်းစားဥဟာ Glycemic Index (GI)နည်းပါးသော အစားအစာဖြစ်ပါတယ်။ ၎င်းကို စားသုံးခြင်းကြောင့် သွေးတွင်းသကြားဓာတ်ကို ရုတ်တရက်မြင့်တက်သွားစေခြင်းမရှိဘဲ တဖြည်းဖြည်းချင်းသာ တက်စေပါတယ်။

စိမ်းစားဥမှာ Inulin ဟုခေါ်သော ပျော်ဝင်လွယ်တဲ့ အမျှင်ဓာတ် (Soluble Fiber) တစ်တစ်မျိုးပါဝင်ပါတယ်။ ၎င်းဟာ သကြားဓာတ်စုပ်ယူမှုကို နှေးကွေးစေပြီး အစာခြေစနစ်ရှိ ဘက်တီးရီးယားများကို အားပေးသဖြင့် အစာခြေစနစ်ကို ကောင်းမွန်စေပါတယ်။

ဗိုက်ပြည့်နေသလို ခံစားရစေခြင်းကြောင့် အစာခဏခဏ စားချင်စိတ်ကို လျှော့ချပေးပြီး ကိုယ်အလေးချိန်ကို ထိန်းညှိပေးရာမှာလည်း အထောက်အကူပြုပါတယ်။

စိမ်းစားဥမှာ ရေဓာတ် ၈၀ ရာခိုင်နှုန်းကျော်ပါဝင်ပြီး ကယ်လိုရီအလွန်နည်းပါးပါတယ်။ ကစီဓာတ်ပါဝင်မှုလည်း နည်းပါးသောကြောင့် ဆီးချိုသမားများအတွက် အဆာပြေစားစရာအဖြစ် အကောင်းဆုံးရွေးချယ်မှုတစ်ခုဖြစ်ပါတယ်။

### သတိပြုရန်

စိမ်းစားဥ၏ ဥကိုသာစားရပါမည်။ ၎င်း၏ အပင်၊ အရွက်နှင့် အစေ့များတွင် Rotenone ဟုခေါ်သော အဆိပ်အတောက်ပါဝင်တတ်သဖြင့် အမြစ်ဥမှလွဲ၍ ကျန်သည့်အပိုင်းများကို လုံးဝ(လုံးဝ) မစားသင့်ပါ။



## ချဉ်ပေါင်နီ

ချဉ်ပေါင်နီပွင့်ဖတ်ဟာ ဂေါက်ရောဂါအတွက်သာမကဘဲ တစ်ကိုယ်ရေကျန်းမာရေးအတွက်ပါ အစွမ်းထက်တဲ့ အစားအစာတစ်ခုဖြစ်ပါတယ်။

ချဉ်ပေါင်နီက သွေးတိုးကျစေပါတယ်။ ချဉ်ပေါင်နီပွင့်ဖတ်ရေနွေးကြမ်းကို ပုံမှန်သောက်သုံးပေးမယ်ဆိုရင် သွေးတိုးရောဂါရှိသူတွေမှာ သွေးပေါင်ချိန်ကို သိသိသာသာ ထိန်းညှိပေးနိုင်ပါတယ်။

သွေးထဲမှာရှိတဲ့ မကောင်းတဲ့အဆီ (LDL) တွေကို လျှော့ချပေးပြီး ကောင်းတဲ့အဆီ (HDL) ကို မြှင့်တင်ပေးပါတယ်။ ဒါကြောင့် နှလုံးရောဂါနဲ့ သွေးကြောပိတ်ရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ပါတယ်။

ချဉ်ပေါင်နီပွင့်ဖတ်မှာပါတဲ့ အင်တီအောက်ဆီးဒင့်တွေက အသည်းထဲမှာ အဆီစုပုံခြင်းကို ကာကွယ်ပေးပြီး အသည်းပျက်စီးမှုကို ဟန့်တားပေးနိုင်ပါတယ်။

ဗီတာမင်စီ ကြွယ်ဝစွာ ပါဝင်သောကြောင့် အအေးမိ၊ နှာစေး၊ ချောင်းဆိုးခြင်းတွေကို ကာကွယ်ပေးနိုင်ပါတယ်။

ချဉ်ပေါင်နီမှာပါဝင်တဲ့ Flavonoids ဓာတ်တွေက စိတ်ကို တည်ငြိမ်စေပြီး စိတ်ပူပန်မှုနဲ့ စိတ်ဓာတ်ကျမှုကို သက်သာစေနိုင်တဲ့ အာနိသင်ရှိပါတယ်။



## မျောက်ဥ(ခေါ်)ကင်ဆာသီး

မျောက်ဥ(ခေါ်)ကင်ဆာသီးဟာ လည်ပင်းကြီးခြင်း၊ ကင်ဆာအမျိုးမျိုးနဲ့ အကျိတ်အဖုအမျိုးမျိုးကို သက်သာပျောက်ကင်းစေပါတယ်။

အစိမ်းလည်းစားလို့ရသလို သွေးလိမ်းရင်လည်း ရပါတယ်။ ပြုတ်စားရင်လည်း ရပါတယ်။ ထို့အပြင် မျက်စိနာခြင်း၊ ဝမ်းကိုက်၊ ဝမ်းလျှောဖြစ်ခြင်းတို့ကို မျောက်ဥစားသုံးပေးခြင်းဖြင့် သက်သာပျောက်ကင်းစေနိုင်ပါတယ်။

အနာပေါက်၊ လေပြွန်ပူ၊ ကျောက်တည်နာ၊ ဆီးနဲ့ပတ်သက်တဲ့ ရောဂါ၊ လည်ချောင်းနာ၊ သားမြတ်ကင်ဆာနဲ့ ဆီးချိုရောဂါများကို ကုသရန်အတွက်လည်း အသုံးပြုကြပါတယ်။

အသီးနုကိုခူးပြီး လိမ်းလျှင်၊ စားလျှင် ကင်ဆာရောဂါကို သက်သာစေပါတယ်။ အသည်းကင်ဆာ နပါက အသီးစားရုံဖြင့် သက်သာပျောက်ကင်းစေပါတယ်။ ရင်သားကင်ဆာအတွက် စားလည်းစား၊ လိမ်းလည်းလိမ်းပေးရင် သက်သာပျောက်ကင်းစေပါတယ်။

"အာရောဂျံ ပရမံ လာဘံ"

ကိုးကား - Tik Tok

## အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**မိုင်းယောင်း ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗလမင်းထင်ခန်းမ၌ ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက အသိပညာပေးဆွေးနွေးပွဲကို ကျင်းပခဲ့သည်။



အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များက ပြောင်းလဲဖြစ်ပေါ်လာသော နည်းပညာကို အသုံးပြု၍ အွန်လိုင်းမှတစ်ဆင့် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုများကို ကြိုတင်ကာကွယ်ရေး၊ လူငယ်ရေးရာ၊ အွန်လိုင်းလိမ်လည်မှု၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်းကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၅၀၅)

၀-၀-၀-၀-၀

## တောင်သူများအား နှမ်းမျိုးသန့်ထုတ်လုပ်မှုသင်တန်းဖွင့်လှစ်ပို့ချ

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်အတွင်း နွေသီးနှံစိုက်ပျိုးရာသီတွင် ရေသွင်းနှမ်းစိုက်ပျိုးမည့် ဒေသခံတောင်သူများအား သီးနှံအထွက်နှုန်းတိုးတက်စေရေးအတွက် နှမ်းမျိုးသန့်များ ထုတ်လုပ်မှုသင်တန်းကို ယမန်နေ့က ပွင့်ဖြူမြို့နယ် ရွာသစ်ကျေးရွာဓမ္မာရုံ၌ ဖွင့်လှစ်ပို့ချသင်ကြားပေးခဲ့သည်။

အဆိုပါ သင်တန်းသို့ ပွင့်ဖြူမြို့နယ် တောင်သူအကျိုးဆောင်အသင်း(FFA)နှင့် တောင်သူဖွံ့ဖြိုးရေးအသင်း(TFDA)အဖွဲ့တို့မှ အဖွဲ့ဝင်တောင်သူ ၆၀ ဦး တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းတွင် CESVI အဖွဲ့မှ စိုက်ပျိုးရေးပညာရှင်များက သီးနှံအထွက်နှုန်း ကောင်းမွန်သော ရေသွင်းနှမ်းစိုက်ပျိုးရေးနည်းလမ်းများနှင့် စိုက်ပျိုးနည်းစနစ်များ၊ မြေဆီလွှာဖွံ့ဖြိုးရေး ဆောင်ရွက်ရန်အချက်များ၊ ဘက်စုံပိုးမွှားကာကွယ်နည်းစနစ်များ၊ သီးနှံအလှည့်ကျ စိုက်ပျိုးနည်းစနစ်များ၊ ဝင်ငွေပိုမိုရရှိရေး သီးနှံကြားညှပ်စိုက်ပျိုးခြင်းနည်းလမ်းများ၊ မြေသြဇာကျွေးခြင်းနှင့် ရေသွင်းရေထုတ်ပြုလုပ်နည်းစနစ်များ၊ မျိုးကောင်းမျိုးသန့် ထုတ်လုပ်ပုံနည်းလမ်းများနှင့် မျိုးသန့်မျိုးစေ့ထိန်းသိမ်းနည်းစနစ်များ စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို နှစ်ရက်ကြာ စာတွေ့၊ လက်တွေ့ ဖွင့်လှစ်ပို့ချသင်ကြားပေးခဲ့ကြောင်း သိရသည်။



**(အပေါ်ပုံ) (၄၀၉)**

## ဥယျာဉ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥယျာဉ်ကျေးရွာအုပ်စု၊ ဥယျာဉ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက ရပ်မိရပ်ဖများ၊ အသင်းသားအသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲ စာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၅၀ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဥယျာဉ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦးကို ငွေကျပ် ၂၆ ဒသမ ၄၅သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၆ ဦး ကို ငွေကျပ် ၂၃ ဒသမ ၅၅သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၅၀ကို တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နော်လူး**

၀-၀-၀-၀-၀-၀



ဖတ်စရာ၊ မှတ်စရာ
စုံလင်
ပန်းရေး

## အလင်းပေးသူ

* နောက်နောင်အရေး အစဉ်တွေး
စာပေအရေး သင်ပြမယ်
ရွာနေကလေး ရွှင်ရမယ် ။

* အစကောင်းမှ နှောင်းသေချာ
ဖတ်စာတွေလည်း ကျက်ရမယ်
မှတ်တာတွေလည်း တွက်ကြကွယ် ။

* ကိုယ်နှုတ်ချိုသာ ပြောဆိုပါ
လိမ္မာယဉ်ကျေး ရှိရမယ်
အိမ်စာတွေပေး ကြည့်ကြကွယ် ။

* စည်းကမ်းလိုက်နာ နေထိုင်ရာ
ကျောင်းတော်သာမို့ သန့်ရမယ်
ကောင်းကျော်ဖြာလို့ ပြန့်ရမယ် ။

* မီးရှူးတန်ဆောင် ပညာရောင်
အရောင်လင်းမို့ ဆင်းလုတယ်
အမှောင်ခွင်းလို့ လင်းရမယ် ။ ။

မင်းခန့်အိမ်

## လက်မှုအတတ်ပညာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**ပျော်ဘွယ် ဖေဖော်ဝါရီ ၂၆**

ပျော်ဘွယ်မြို့နယ်၊ မယ်ဇလီအိုင်ကျေးရွာ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းဖြင့် လက်မှုအတတ်ပညာရပ်များဖြစ်သည့် ကော်ဖီအိတ်ခွံများဖြင့် ဖျာရက်လုပ်နည်း၊ ECO Printing ပြုလုပ်နည်း၊ ပန်းစည်းအမျိုးမျိုးပြုလုပ်နည်း၊ ဖဲကလစ်အမျိုးမျိုးပြုလုပ်နည်းသင်တန်းကို အဆိုပါကျေးရွာရှိ အလင်းမေတ္တာစာကြည့်တိုက်တွင် ဖေဖော်ဝါရီလ တတိယပတ်မှ စတင်ဖွင့်လှစ်ခဲ့ကာ ယနေ့တွင်လည်း သင်တန်းကို ဆက်လက်သင်ကြားပေးလျက်ရှိသည်။

"ယခုသင်တန်းက ကျေးရွာအတွင်းမှာရှိတဲ့ လူငယ်၊ လူရွယ်တွေအတွက် လက်မှုအတတ်ပညာတစ်ခုဖြစ်သလို အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအနေနဲ့လည်း သတ်မှတ်နိုင်ပါတယ်။ သက်ဆိုင်ရာဌာနရဲ့ လမ်းညွှန်ချက်နဲ့အညီ ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းခေါင်းစဉ်အောက်က စွမ်းဆောင်ရည်မြှင့်တင်ရေး ကဏ္ဍတစ်ရပ်အနေနဲ့ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်" ဟု ကျေးရွာစီမံကိန်းကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်ထွေးက ပြောသည်။

အဆိုပါသင်တန်းတွင် စွန့်ပစ်ပစ္စည်းများဖြစ်သည့် ကော်ဖီအိတ်ခွံငယ်များစုဆောင်း၍ ဖျာရက်လုပ်နည်း၊ သဘာဝသစ်ရွက်များ အသုံးပြု၍ ပိတ်စဖြူပေါ်၌ ဆေးဆိုးပန်းရိုက်နည်း(ECO Printing)၊ အလှပန်းများနှင့် ရောင်စုံစက္ကူများ အသုံးပြု၍ ပန်းစည်းအမျိုးမျိုးပြုလုပ်နည်း၊ ဖဲကလစ်အမျိုးမျိုးပြုလုပ်နည်းသင်တန်းကို ၁၁ ရက်ကြာသင်ကြားပေးသွားမည်ဖြစ်ပြီး လူငယ်၊ လူရွယ်သင်တန်းသား ၂၀ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**မင်းမင်းထွေး(ပျော်ဘွယ်)**





## စတုတ္ထအကြိမ် သံဃာ(၁၀၈)ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၆**

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် ကျရောက်သည့် ရတနာပုံတက္ကသိုလ်၏ (၂၆)နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ရတနာပုံတက္ကသိုလ် ဗုဒ္ဓဘာသာအသင်းက ကြီးမှူး၍ ပါမောက္ခချုပ်အမှူးပြုသော သင်ကြား၊စီမံမိသားစုများ စုပေါင်း၍ အမရပူရမြို့နယ်အတွင်း၌ သီတင်းသုံးတော်မူကြသည့် သံဃာ(၁၀၈) ပါးအား စတုတ္ထအကြိမ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၂ နာရီက အဆိုပါတက္ကသိုလ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဖွင့်လှစ်၍ အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက် နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဇနာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်ချီးမြှင့်တော်မူကြသည်။

ထို့နောက် လှူဒါန်းမှု အစုစုအတွက် မဟာဂန္ဓာရုံကျောင်းတိုက် နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဇနာဘိဝံသက အနုမောဒနာတရားချီးမြှင့်ပြီး ပါမောက္ခချုပ်အမှူးရှိသော အလှူရှင်ဧည့်ပရိသတ်များက ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာသွယ်လင်းကို၊ ဒေါက်တာ ခင်မော်မော်စိုး၊ ဒေါက်တာဦးဝင်းနိုင်၊ ဘာသာရပ် အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ စီမံရေးရာဌာန အသီးသီးမှ အရာထမ်း၊ အမှုထမ်းများ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် စေတနာရှင် အလှူရှင်များက သံဃာ (၁၀၈)ပါးအား ဆွမ်းဆန်စိမ်း၊ ဝတ္ထုငွေ၊ လှူဖွယ်ပစ္စည်းများကို စေတနာသဒ္ဓါထက်သန်စွာဖြင့် စုပေါင်းလောင်းလှူခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၈၂)

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ကန်တော့ပလ္လင်ဘုရား အဝင်မုခ်ရှိ ထိုင်တော်မူ ဆင်းတုတော် ရွှေပြည့်အောင် အနေကဇာတင်လှူပွဲအခမ်းအနား ကျင်းပ



**ညောင်ဦး ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ နရပတိစည်သူမင်းကြီးနှင့် နားတောင်းများမင်း(ခေါ်) ဇေယျသိင်္ခမင်းကြီးတို့ တည်ထားကိုးကွယ်ခဲ့သည့် ကန်တော့ပလ္လင်ဘုရားအဝင်မုခ်ရှိ ထိုင်တော်မူဆင်းတုတော် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း အောင်ပွဲဘုရားအနေကဇာတင်နှင့် ရေစက်ချမင်္ဂလာ အခမ်းအနားကို ကန်တော့ပလ္လင်ဘုရားကြီးအတွင်း ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၈ နာရီခွဲက ကျင်းပခဲ့သည်။

ကန်တော့ပလ္လင်ဘုရား ရွှေသင်္ကန်း ဆက်ကပ်လှူပူဇော်ခြင်းအောင်မြင်ခြင်းအထိမ်းအမှတ် ဘုရားအနေကဇာတင်လှူပူဇော်ခြင်းနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ရေစက်ချမင်္ဂလာအခမ်းအနား ဖွင့်လှစ်သည်။

ထို့နောက် ကြွရောက်လာသည့် သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်ကပ်လှူပူဇော်ကြပြီးနောက် ညောင်ဦးမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဂန္ထဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တပဏ္ဍိတထံက ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်း ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှအတန်းပေးဝေကြသည်။

ဗုဒ္ဓါဘိသေကဘုရားအနေကဇာတင်လှူပွဲသို့ ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ခရိုင်ကော်မတီဝင်များ၊ ညောင်ဦးခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် မြို့နယ်ကော်မတီဝင်များ တက်ရောက်ခဲ့သည်။

ကန်တော့ပလ္လင်ဘုရားကြီးကို နရပတိစည်သူမင်းကြီးက ကောဇာသက္ကရာဇ်(၅၆၅)ခုနှစ်၊ အေဒီ ၁၂၀၃ ခုနှစ်တွင် စတင်တည်ထားခဲ့ပြီး (၈)နှစ်အကြာတွင် မင်းကြီးနတ်ရွာစံ ကံကုန်တော်မူသဖြင့် သားတော် နားတောင်းများမင်း(ခေါ်)ဇေယျသိင်္ခမင်းက ကောဇာသက္ကရာဇ်(၅၈၈)ခုနှစ်တွင် အပြီးတိုင်တည်ထား ကိုးကွယ်ခဲ့သည်။ ကန်တော့ပလ္လင်ဘုရားကြီးသည် လိုဏ်လေးဆင့်ခံ နှစ်ထပ်ဂူဘုရားဖြစ်ပြီး ဉာဏ်တော်ပေ(၁၈၀) မြင့်သည့် ဂူဘုရားဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၈၁)

၀-၀-၀-၀-၀

## အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေး စစ်ဆေးပေးပြီး ဆေးကုသမှုများဆောင်ရွက်

**ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်သို့ ပင်စင်လာရောက်ထုတ်ယူသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား သွေးတိုးရောဂါ၊ သွေးချို၊ ဆီးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီက မြန်မာ့စီးပွားရေးဘဏ်ရုံးအတွင်း၌ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီ၏ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန် ဒေါက်တာစိုးသူရနှင့် ကျန်းမာရေးဝန်ထမ်းများက သွေးပေါင်ချိန် တိုင်းပေးခြင်း၊ သွေးချို၊ ဆီးချိုရောဂါစစ်ဆေးကုသပေးခဲ့ပြီး သက်ဆိုင်ရာ ရောဂါများအလိုက် သောက်ဆေးများကို အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

၀-၀-၀-၀-၀-၀






## ပေါင်းလဲဓမ္မဗိမာန်တော်ကြီး တည်ဆောက်ရန် အလှူငွေ လှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၂၆**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေ အနောက်ပိုင်း ရွှေသာလျောင်းပေါင်းလဲဓမ္မဗိမာန်တော်ကြီး လျှပ်စစ်ဓာတ်ကြောင့် ပျက်စီးသွားသည်ကို ပြန်လည်တည်ဆောက်ရန်အတွက် အလှူရှင် ဂေါပကအဖွဲ့ ဒုဥက္ကဋ္ဌ ဦးမြင့်ဇော်+ဒေါ်သန်းသန်းဆင့်(မိဘမေတ္တာ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး) မိသားစုက အလှူငွေကျပ်သိန်း ၃၀ ကို ဂေါပကအဖွဲ့ရုံးခန်းသို့ ဖေဖော်ဝါရီ ၂၅ ရက်က လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်တင်၊ ဒုဥက္ကဋ္ဌ ဦးဗွမ်ချို(ခ)ဦးစောနိုင်၊ အတွင်းရေးမှူး ဦးမောင်မောင်၊ တွဲဖက်အတွင်းရေးမှူး ဦးကိုကိုကြီး၊ ဘဏ္ဍာထိန်း ဦးဇော်ဇော်မျိုးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။

ရွှေသာလျောင်းပေါင်းလဲဘုရား ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ လှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံး ဖုန်း ၀၉-၄၀၂၆၃၅၃၀၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၀)

၀-၀-၀-၀-၀-၀

## ဆေးပဒေသာပင်အတွက် အလှူငွေ လှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၂၆**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ယမန်နေ့က အလှူရှင် ကျောက်ပန်းတောင်းမြို့နေ (မိခင်ကြီး) ဒေါ်မြဝင်း(၂၅)နှစ်ပြည့်အား ရည်စူး၍ ကျန်ရစ်သူ သား၊ သမီး၊ မြေး မိသားစုတို့က ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ငါးသိန်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀သိန်း၊ စုစုပေါင်း အလှူငွေကျပ် ၁၅ သိန်းအား ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်းက လက်ခံရယူခဲ့သည်။ အလှူရှင်များအနေဖြင့် မည်သူမဆို မိမိစေတနာအလျောက် လှူဒါန်းလိုပါက ဆက်သွယ်ရန် ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ တိုက်ရိုက်စုံစမ်းမေးမြန်း၍ လှူဒါန်းနိုင်ပါကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀-၀






ကရင်ပြည်နယ် မြဝတီမြို့နယ် မေတ္တာလင်းမြိုင်ကျေးရွာအနီး တရားမဝင်အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူ ပြည်ပနိုင်ငံသားများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆည်းရမိသည့် နေရာပြပုံ။



မြဝတီမြို့နယ် မေတ္တာလင်းမြိုင်ကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် လုပ်ငန်းသုံးပစ္စည်းများအား ဖော်ထုတ်ဖမ်းဆီးရရှိမှု။

# မြဝတီမြို့နယ် မေတ္တာလင်းမြိုင်ကျေးရွာအနီး အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ကိုင်နေသည့် တရားမဝင်ပြည်ပနိုင်ငံသားများအား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကို ထိခိုက်ပျက်စီးစေပြီး အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ အထူးအလေးထား တိုက်ဖျက်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အများဆုံးအခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများသည် နယ်မြေခံတာဝန်ရှိသူများနှင့်အတူ ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များဖြင့် တရားမဝင်လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် တရားမဝင်ပြည်ပနိုင်ငံသားများ အခြေချနေထိုင်ခြင်းမရှိစေရေး ဝင်ရောက်ရှင်းလင်းခြင်း၊ တရားမဝင်အဆောက်အအုံများအား ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများကို စနစ်တကျ ဖြိုချဖျက်ဆီးခြင်းနှင့် ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကိုလည်း ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုသို့ တရားမဝင် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် မြဝတီမြို့နယ် မေတ္တာလင်းမြိုင် ကျေးရွာအနီးတွင် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ကိုင်နေကြသည့် တရုတ်နိုင်ငံသား ၁၄၈ ဦး၊ ထိုင်းနိုင်ငံသား သုံးဦး၊ ဖိလစ်ပိုင်နိုင်ငံသား သုံးဦး၊ ကမ္ဘောဒီးယားနိုင်ငံသား တစ်ဦးနှင့် ရုရှားနိုင်ငံသား တစ်ဦး စုစုပေါင်း ၁၅၆ ဦးတို့ကို RC ငါးထပ်အဆောက်အအုံတစ်ခုအတွင်း၌ ဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် All In One ကွန်ပျူတာအလုံး ၁၁၀၊ မိုဘိုင်းဖုန်း အလုံး ၂၂၀၀ နှင့် လုပ်ငန်းသုံးပစ္စည်းများကို စိစစ်တွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို မြဝတီမြို့ မြို့မရဲစခန်းတွင် ထိန်းသိမ်းထားရှိပြီး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဖမ်းဆီးရမိသည့် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်လုပ်ငန်းများတွင် ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများကိုလည်း ထပ်မံအသုံးပြုနိုင်ခြင်းမရှိစေရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



မြဝတီမြို့နယ် မေတ္တာလင်းမြိုင်ကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်သူ ပြည်ပနိုင်ငံသားများအား ဖော်ထုတ်ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

## နွေစပါးနှင့် နွေသီးနှံ စိုက်ပျိုးနိုင်ရန် ဆင်သေရေလှောင်တမံမှ ဆည်ရေများအဆင်ပြေစွာ ရေပေးဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

တပ်ကုန်းမြို့နယ်ရှိ ဒေသခံတောင်သူကြီးများ နွေစပါးနှင့် နွေသီးနှံ အချိန်မီ ပြည့်ဝစွာစိုက်ပျိုးနိုင်ရေးအတွက် ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းမှ စတင်ရေပေးဝေလျက်ရှိကြောင်း၊ ယခင်နှစ် နွေစပါးရေပေးရာသီတွင် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ဆင်သေရေလွှဲဆည်နှင့် ရေသောက်စနစ်များ ထိခိုက်ပျက်စီးခဲ့သော်လည်း နွေစပါး၊ နွေသီးနှံများ ထိခိုက်ပျက်စီးမှုမရှိအောင် ယာယီအစီအစဉ်များဖြင့် ရေပေးဝေခဲ့ပြီး ယခုနှစ်တွင်လည်း ရေသောက်စနစ်များ ပြန်လည် ပြုပြင်နိုင်ခဲ့ပြီးဖြစ်သဖြင့် နွေစပါး၊ နွေသီးနှံ လျာထားဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်၍ ရေပေးဝေလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဒေသခံတောင်သူများ ရာသီအလိုက် နွေစပါး၊ မိုးစပါး အချိန်မီ အောင်မြင်စွာစိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် နှစ်စဉ် ဆင်သေရေလှောင်တမံမှ ဆည်ရေများကို လက်ဝဲ၊ လက်ယာ မြောင်းမကြီးတို့၏ တိုက်ရိုက်မြောင်း၊ လက်တံမြောင်းနှင့် လက်တံခွဲမြောင်းများမှတစ်ဆင့် လယ်ယာမြေစိုက်ခင်းများ အရောက် ဆည်ရေပို့လွှတ် ဖြန့်ဝေပေးလျက်ရှိသဖြင့် တောင်သူများ စိုက်ပျိုးရေလုံလောက်စွာရရှိပြီး စပါးနှင့် သီးနှံစိုက်ခင်းများ အောင်မြင်စွာဖြစ်ထွန်းကာ တောင်သူလယ်သမားများ၏ အကျိုးစီးပွားပြည့်ဝစွာ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ ယခုနှစ် နွေစပါးရာသီတွင် (၂၀၂၅-၂၀၂၆) နွေစပါးနှင့် နွေသီးနှံလျာထားဧက စုစုပေါင်းဧက ၁၁၅၈၀ ရှိသည့်အနက် ယနေ့အထိ နွေစပါး ၅၃၇၉ ဧကမှာ ဆည်ရေဖူလုံစွာရရှိကာ စိုက်ပျိုးပြီးစီးကြောင်း သိရသည်။



ရေပေးဝေရေး စီမံချက်များရေးဆွဲကာ တောင်သူများအား နွေစပါးနှင့် နွေသီးနှံအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် အသိပေးဆိုင်းဘုတ်များဖြင့် နှိုးဆော်ကာ ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်၍ ရေပေးဝေခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ဘုန်းမြတ်

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၉)၊ ဦးပိုင်နံပါတ်(၆၈-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ·၀၁၃၇)ဧကအကျယ်အဝန်းရှိ ဦးရဲမြင့် အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲအမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်ခင်သီတာအေး(ဘ)ဦးအကိုင်း(၉/မနမ(နိုင်)၀၇၉၁၃၇)၊ ဦးရဲမြင့်(ခ)ဦးအာတင်ကို(ခ)AH THIN KO၏ သားများဖြစ်ကြသည့် ဦးလွင်ကိုဦး(၉/ခမစ(နိုင်)၀၀၀၉၅၆)၊ ဦးလွင်ကိုနိုင်(၉/ခမစ(ပြု)၀၀၀၀၅၇)နှင့် ဦးလွင်ကိုအောင်(၉/ခမစ(ပြု)၀၀၀၀၅၈)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်အေးစုထွန်း (LL.B , LL.M , D.B.L)** **ဒေါ်မာမာဌေး (LL.B)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁)ရပ်ကွက်၊ အကွက်အမှတ်(RA III)၊ ဦးပိုင်အမှတ် (၇၇-လ/ခ)၊ ဧရိယာ(၀ ဒသမ ၁၃)ဧက အကျယ်အဝန်းရှိ ဦးစိုးမြင့် အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ (ရေ+ မီး)အစုံ အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးစိုးမြင့်(ဘ)ဦးကျော်ခံ(၉/မမန(နိုင်)၀၃၈၁၇၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နိုင်နိုင်နွယ်(LL.B, LL.M, D.B.L) တရားလွှတ်တော်ရှေ့နေ**

**အကွက်(စေ-၁၃/၁၂)၊ (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➢ ၀၉-၂၅၆၂၄၉၈၁၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၄၇)၊ ဦးပိုင်အမှတ်(၄၈)မြေကွက်သည် ဦးသန်းကိုကို အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲရှိ တောင်အရှေ့ထောင့်ဆုံး၏မြောက်ဘက်ခြမ်း(၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိသော မြေနှင့်အိမ်၊ ရေတိုင်၊ လျှပ်စစ်မီတာ အပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်ဖြိုးသက်ဇင်၊ ဒေါ်တင်သူဇာအောင်၊ ဦးအောင်မျိုးထက်တို့ထံမှ ကျွန်ုပ်၏ အမှုသည်များက ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော ငွေကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း(ဥပဒေဘွဲ့) တရားလွှတ်တော်ရှေ့နေ**

**(တတ-၄၆/၁၆)၊ ၅၇-စီလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (စ)ရပ်ကွက်၊**

**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➢ ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈**

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၀-၂-၂၀၂၆)၊ မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ(၂၂)၊ အကွက်(ထထ-၁၇)၊ ဦးပိုင်(၄+၅) ကြော်ငြာတွင် ဦးပိုင်(၄+၅)အစား ဦးပိုင်(၄+ ၁၅)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ ၁၁၄(ဒီ)နှင့် ၅၉(ဒီ)လမ်းထောင့်၊ အမှတ်(ဗ-၅/၁၄)နေ ဒေါ်ယမင်းဇော်(ဘ)ဦးဇော်ဝင်း၊ မှတ်ပုံတင်အမှတ်(၉/ခမစ(နိုင်)၀၉၆၉၃၆)ကိုင်ဆောင်သူ၏မိခင်ဖြစ်သူ ဒေါ်စန်းစန်းအေး(ခ)မငယ်လေး(ဘ)ဦးကျော်စိန် မှတ်ပုံတင်အမှတ် (၉/မရမ(နိုင်)၀၀၁၇၅၂)ကိုင်ဆောင်သူနှင့် ပတ်သက်သော ငွေကြေးအရှုပ်အရှင်းကိစ္စရပ်များသည် ဒေါ်ယမင်းဇော်နှင့် သက်ဆိုင်ခြင်းမရှိ၍ မည်သူကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင်တွင် ယင်းငွေကြေးအရှုပ်အရှင်းကိစ္စများအတွက် ဒေါ်ယမင်းဇော်အား အရှက်သိက္ခာဂုဏ်သရေထိခိုက်ကျဆင်းအောင် ပြောဆိုခြင်း၊ အလုပ်အကိုင်ထိခိုက်အောင် ပြောဆိုခြိမ်းခြောက်အကြပ်ကိုင်ခြင်း၊ အေးချမ်းစွာ နေထိုင်ခြင်းကို ထိပါးနှောက်ယှက်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယမင်းဇော်၏ လွှဲအပ်ချက်အရ-**

**ဦးသက်မောင်မောင်၊ ဒေါ်အေးအေးနိုင်၊ ဒေါ်ဝေဝေကျော်၊ ဦးတင့်ဇော်ထွန်း၊ ဒေါ်မြမြသက်**

**(တရားလွှတ်တော်ရှေ့နေများ)** **အထက်တန်းရှေ့နေ**

**တတ-၅၃/၄၃၊ ၅၃(ဘီ)လမ်း၊ ၁၂၅ လမ်းနှင့် ၁၂၆ လမ်းကြား၊ (စ)ရပ်ကွက်၊**

**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၆၁၁၄၈၊ ၀၉-၂၅၈၃၃၇၇၅၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဓ-၃၃)၊ ဦးပိုင်နံပါတ်(၁၀၇)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (ပေ ၃၀ × ပေ ၄၀)အကျယ်အဝန်းရှိ ဒေါ်နုနုဝင်းနှင့် ဒေါ်နုနုအေးတို့အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏အရှေ့ဘက်ခြမ်း(၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကိုကိုလေး(ဘ)ဦးသန်းထွန်း(၉/ခမစ(နိုင်)၀၀၁၂၀၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး LL.B, LL.M** **ဒေါ်အိအိမွန် LL.B, LL.M**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် LL.M** **ဒေါ်အေးနန္ဒာထွန်း LL.B** **ဒေါ်မာလာစိုး LL.B** **ဒေါ်ဖူးသန့်မွန် LL.B**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➢ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၇၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(င-၅)၊ ဦးပိုင်နံပါတ်(၃၉)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧကအကျယ်အဝန်းရှိ ဒေါ်ဥမ္မာအောင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်တင်စုလှိုင်(ဘ)ဦးမြမောင်(၉/မရတ(နိုင်)၀၀၁၀၅၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး LL.B, LL.M** **ဒေါ်အိအိမွန် LL.B, LL.M**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် LL.M** **ဒေါ်အေးနန္ဒာထွန်း LL.B** **ဒေါ်မာလာစိုး LL.B** **ဒေါ်ဖူးသန့်မွန် LL.B**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➢ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၇၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၄၉)တွင် တည်ရှိသော ဦးပိုင်အမှတ်(၅၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ အရာခံဗိုလ် ကြည်စိန် အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင်ထားပြီး စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချလွှဲပြောင်းပိုင်ခွင့်ရှိပါသည်ဟု အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးကျော်ထူး(ဘ)ဦးကျော်ရင်(၉/ပကခ(နိုင်)၀၁၅၁၈၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးဌေးအောင် (ဥပဒေဘွဲ့)** **ဦးလှဝေ (B.A, H.G.P)** **ဦးနိုင်လင်း (LL.B)** **ဦးအောင်ဇော်မြင့် (LL.B)**

**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဦးမင်းချစ်သူ (LL.B)** **ဒေါ်စာခြည်ဝင်း (LL.B)** **ဒေါ်ခင်ပြုံးဝင်း (LL.B)**

**အထက်တန်းရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**အကွက်(နန-၃၀/၁)၊ (စ)ရပ်ကွက်၊ ၅၅လမ်းနှင့်မင်္ဂလာလမ်းထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၂၆၈၀၈၅၈၁၊ ၀၉-၇၉၇၄၉၀၆၁၀**

## အများသိစေရန် ကြေညာခြင်း

ကျွန်မ ဒေါ်အေးအေးဝေ(ဘ)ဦးအောင်ခန့်(၉/မရတ(နိုင်)၁၃၁၄၂၈)နှင့် ဦးနိုင်လင်းထွန်း(ဘ)ဦးအုန်းလွင်(၉/ခမစ(နိုင်)၀၃၅၈၅၈)တို့သည် (၂၀၀၉)ခုနှစ်ခန့်က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်လက်ထပ်ပေါင်းသင်းခဲ့ပြီး သားဖြစ်သူ မောင်အောင်မင်းခန့်ကို(၁၁-၉-၂၀၁၄)ရက်တွင် ထွန်းကားမွေးဖွားခဲ့ပါသည်။ (၂၀၂၂)ခုနှစ်၊ စက်တင်ဘာ(၁၁)ရက်တွင် ကျွန်မ၏ခင်ပွန်းဖြစ်သူ ဦးနိုင်လင်းထွန်းမှ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၃)တွင်ရှိသော ဦးပိုင်အမှတ်(၄၉-က)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက၊ ပေ(၂၀× ၃၀)အကျယ်အဝန်းရှိ မြေကွက်မှာ "ဦးမှတ်ဝင်း"(စလစ်)အမည်ဖြင့် မြေကွက်၏ အရှေ့ဘက်ခြမ်းရှိ ပေ(၁၀× ၃၀)အကျယ်အဝန်းရှိ မြေကွက်ကို ဝယ်ယူခဲ့ပါသည်။ ယင်းမြေကွက်သည် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ကျွန်မနှင့်ဦးနိုင်လင်းထွန်းတို့ တရားဝင်စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေကွက်ဖြစ်ပါသည်။

ဦးနိုင်လင်းထွန်း ဝယ်ယူပိုင်ဆိုင်ထားသော စလစ်မြေကွက်ပေ(၁၀× ၃၀)ပေ၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧကသည် လင်မယား ပေါင်းသင်းနေထိုင်စဉ်ကာလအတွင်း ရရှိထားသော ပိုင်ဆိုင်မှုဖြစ်သဖြင့် ကျွန်မတွင်လည်း တရားဝင်အကျိုးခံစားခွင့်နှင့် ဆက်စပ်ပိုင်ဆိုင်မှု အခွင့်အရေးရှိသော အထက်ဖော်ပြပါမြေကွက်အား ကျွန်မ၏ကြိုတင်သဘောတူညီချက်မရှိဘဲ ဦးနိုင်လင်းထွန်း(သို့မဟုတ်) အခြားမည်သူမဆိုမှ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ အာမခံတင်ခြင်း(သို့မဟုတ်) မည်သည့်အခြားနည်းနှင့်မဆို ပိုင်ဆိုင်မှုအပြောင်းအလဲပြုလုပ်ခြင်း မပြုလုပ်ကြရန် အများပြည်သူတို့အား တရားဝင်ကြိုတင်အသိပေးကန့်ကွက်ကြေညာအပ်ပါသည်။

ကျွန်မ၏သဘောတူညီချက်မရှိဘဲ ဆောင်ရွက်သည့် မည်သည့်အရောင်းအဝယ်၊ စာချုပ်စာတမ်း၊ လွှဲပြောင်းမှုမဆိုကို ကျွန်မမှ အသိအမှတ်ပြု လက်မခံနိုင်ပါကြောင်းနှင့် ထိုသို့ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ဥပဒေရေးရာပြဿနာများနှင့် ဆုံးရှုံးမှုများအား ဆောင်ရွက်သူနှင့် ပါဝင်ပတ်သက်သူများ၏ တာဝန်သာဖြစ်ကြောင်းကိုလည်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်ဝင်းရွှေ(LL.B)**

**အထက်တန်းရှေ့နေ**

**မမ-၁၆၊ တိုက်-၈/၁၀၃၊ မြရည်နန္ဒာအိမ်ရာ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၆၀၀၇၄၇**

## အများသိရှိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၅)၊ ဦးပိုင်အမှတ်(၁၄)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အတွင်းမှ နောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေအစိတ်အပိုင်းအား ယခုရောင်းချသူ ဦးကျော်စိုးထွန်း (ဘ)ဦးတိုး(၅/ငဇန(နိုင်)၀၆၉၄၀၂) ကိုင်ဆောင်သူမှ အရပ်ကတိစာချုပ်ဖြင့် လက်ရှိလက်ရောက် တရားဝင်နေထိုင်ပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပြောဆိုရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီထားပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်နန်းဆိုင်ပွဲ(ခ)ဒေါ်နိုင်စာထွန်း(LL.B)**

**ဒေါ်ချယ်ရီမိုမိုသိန်း(LL.B) ဒေါ်အေးနိုင်ညွန့်(LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**အကွက်(၀–၁၀/၆၃)၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၄၃၀၁၁၉၁၆၊ ၀၉–၇၇၆၅၁၁၆၆၀၊ ၀၉–၂၅၉၀၀၁၀၅၆၊ ၀၉–၄၄၄၀၁၇၆၈၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၂၃)၊ ဦးပိုင်အမှတ်(၃၁)၊ ဧရိယာ ပေ(၆၀×၄၀)မြေကွက်အတွင်းမှ တောင်ဘက်အစွန်ဆုံးအခြမ်း ဧရိယာ(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးကြီးညို (ဘ) ဦးလှမျိုး (၉/မနတ(နိုင်)၀၅၇၂၆၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်နိုင်နိုင်နွယ်(LL.B,LL.M.D.B.L)**

**တရားလွှတ်တော်ရှေ့နေ**

**အကွက်(ဓဓ–၁၃/၁၂)၊ (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၅၆၂၄၉၈၁၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၇)၊ ဦးပိုင်အမှတ်(၁၅)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ ဦးခင်မောင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံ ပေါက်ရောက်သစ်ပင် အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ထားသူဖြစ်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူများဖြစ်သော ၁။ ဦးဝင်းလွင် (ဘ)ဦးခင်မောင်(၁၂/ဒဂန(နိုင်)၀၁၀၃၅၉)၊ ၂။ဒေါ်ချမ်းမြေ့အေး (ဘ)ဦးခင်မောင်အေး (၉/ပကခ(နိုင်)၀၁၀၄၃၇)၊ ၃။ဒေါ်ညိုညိုစိန် (ဘ)ဦးခင်မောင် (၉/မရမ(နိုင်)၀၄၁၁၈၀)၊ ၄။ဒေါ်ဝင်းဝင်းစိန် (ဘ)ဦးခင်မောင်(၉/မရမ(နိုင်)၀၄၁၁၈၈)၊ ၅။ဦးအောင်စိုးမိုး (ဘ) ဦးခင်မောင်(၉/မရမ(နိုင်)၀၈၁၁၂၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်တင်နီလာဝင်း**

**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ–၆/ ၂၊ ၃)၊ ၆၉ လမ်း၊ မြဝတီမင်းကြီးလမ်းနှင့်၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၀၁၉၇၀၁၊ ၀၉–၉၄၄၉၇၂၃၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ်(၄၄)၊ မြေဧရိယာ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးစိန်လှ အမည်ဖြင့်ချထားပေးသော စလစ်မြေကွက်၏ မြောက်ဘက်အစွန်းဆုံးခြမ်း၏ကပ်လျက် တောင်ဘက်ခြမ်း အစိတ်အပိုင်း (၁၀ပေ×ပေ၄၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်တင်တင်အေး (ဘ) ဦးလှသောင်း(၉/မရတ(နိုင်)၁၂၄၄၁၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါဂရန်မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးဝင်းဇော်ထူး(LL.B) ဦးခန့်ဝေဖြိုး(LL.B)**

**အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**

**တိုက်အမှတ်(၂၅)၊ မြရည်နန္ဒာအိမ်ရာ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၅၉၁၈၈၇၄၈၊ ၀၉–၄၄၇၉၉၉၃၅၉**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မေဃဂီရိရပ်ကွက်၊ အကွက်အမှတ်(၁၃၇)၊ ဦးပိုင်အမှတ်(၈–ဆ)၊ ဧရိယာ (၀ ဒသမ ၀၁၂၄)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ခင်လှိုင်မော်(ဘ)ဦးလှမော်(၉/မနမ(နိုင်)၀၄၅၁၇၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ–၁)၊ ၆၇လမ်း၊ ၃၁အေလမ်းနှင့်၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၇၈၆၇၊ ၀၉–၇၆၂၀၃၇၈၆၇၊ ၀၉–၇၉၂၀၃၇၈၆၇၊ ၀၉–၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မဟာအောင်မြေခရိုင်၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် (ညည-၇၅)၊ ဦးပိုင်အမှတ်(၆၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးမျိုးမြင့် အမည်ဖြင့် ချထားရရှိသော မြေကွက်အတွင်းမှ တောင်ဘက်ခြမ်းဧရိယာပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက် အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ သံဖရိန်(၂)ထပ်အဆောက်အအုံ၊ ရေ+မီးမီတာ အပါအဝင် နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်၊ ဆက်လက်သုံးစွဲခွင့်များအားလုံးတို့ကို တရားဝင်လက်ရှိ ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နုနုရီ (ဘ)ဦးဌေး(၉/မရမ(နိုင်)၀၄၄၂၄၁) ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**(ရှေ့နေ ဦးခင်မောင်ဝင်း) B.A,H.G.P,RL(II), DBL ၏တပည့်များ**

**ဦးစိုင်းဝဏ္ဏ(LL.B) ၊ ဦးသူရလင်း(LL.B)**

**(တရားလွှတ်တော်ရှေ့နေများ)**

**UKMW- LAW FIRM**

**အကွက်(၇၇၅)၊ ၂၈လမ်းနှင့်လမ်း၇၀ထောင့်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၀၀၅၀၆၂၊ ၀၉–၂၅၉၁၁၁၈၇၁**

**မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၉၅)၊ ဦးပိုင်အမှတ်(၂၉-က)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိသော ဒေါ်နန်းလှကြည် အမည်ပေါက်ဂရန်မြေကွက်နှင့်ပတ်သက်၍**

**အများသိစေရန် သတိပေးကြေညာခြင်း**

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီတာ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်နန်းလှကြည်(ဘ)ဦးခွန်အေး(၁၃/သနန(နိုင်)၀၀၂၄၇၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**

**Office – အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**

**ladylawyer. khinninisoe @ gmail. com**

- ❖ မဲပေးရာတွင် စနစ်တကျဖြင့် တန်းစီ၍မဲပေးခဲ့ကြခြင်းကို တွေ့ခဲ့ရခြင်းသည် ပြည်သူများအနေဖြင့် ရွေးကောက်ပွဲကို ထောက်ခံအားပေးမှုကိုပြသခြင်း၊ နိုင်ငံတော်အစိုးရ၏ နိုင်ငံရေးအရ ဆောင်ရွက်ချက်များကို ထောက်ခံမှုပြသခြင်းပင်ဖြစ် ...
- ❖ မိမိတို့နိုင်ငံတွင် ကျင်းပပြုလုပ်သည့် ယခုရွေးကောက်ပွဲသည် အောင်မြင်သည့်ရွေးကောက်ပွဲတစ်ခုဟု ပြောနိုင်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ပြုလုပ်သော ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

- ❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ရှင်းလင်းဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ညောင်ရွှေမြို့နယ် အင်းလေးဒေသ ရတနာစံကျောင်းတော်ကြီးရှိ အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားအား သွားရောက်ဖူးမြော်ကြည်ညို၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုများအား ကြည့်ရှုစစ်ဆေး၊ ဗထူးတပ်နယ်ရှိ ကျောင်းအုပ်ကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများအား တွေ့ဆုံမှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၆

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ် အင်းလေးဒေသ ရတနာစံကျောင်းတော်ကြီးရှိ အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုများအား ကြည့်ရှုစစ်ဆေးကြသည်။

စာမျက်နှာ ၅ သို့ ❒

## တတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မ ၁၇၁၊ ပုဒ်မခွဲ(ခ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ(ခ) တို့အရ တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို မတ်လ ၂၀ ရက်နေ့တွင် စတင်ကျင်းပသွားမည်ဖြစ်သည်။

တတိယအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်းကို ဖေဖော်ဝါရီ ၂၃ ရက် ရက်စွဲဖြင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ကြေညာထားရာ အဆိုပါ အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့သွားမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည် ဖြစ်စေ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံးသို့ ၂၀၂၆ ခုနှစ် မတ်လ ၁၄ ရက် (စနေနေ့)ထက် မစော၊ မတ်လ ၁၅ ရက် (တနင်္ဂနွေနေ့) ထက် နောက်မကျစေဘဲ သတင်းပို့ကြရန် သက်ဆိုင်ရာက ထုတ်ပြန်ထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀

